mgyoe.com

SAMPLE BOOK

ဝန်းရှေပြည်စာအုပ်တိုက်

လူ့သဘာဝတရား ၁၄ပါးကို ဖွင့်ဆိုရှင်းပြတဲ့

# လူဆိုတဲ့လူ

ဒုတိယအကြိမ်

## အစွမ်းအစရှိတဲ့လူ

ညီညီနိုင်


# How To Understand HUMAN NATURE


Herbert.N.Casson


mgyoe.com


mgyoe.com

# ပန်းရွှေပြည်စာအုပ်တိုက်ထုတ်စာအုပ်များ
























mgyoe.com

mgyoe.com - SAMPLE BOOK


| | |
|---|---|
| တန်ဖိုး | ၃၀၀၀ ကျပ် |
| အုပ်ရေ | ၅၀၀ အုပ် |
| ဒုတိယအကြိမ် | ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ |
| မျက်နှာဖုံး | ရဲရဲ |
| ထုတ်ဝေသူ | ဦးသိမ်းမင်း (၀၄၂၉၁)<br>ပန်းရွှေပြည်စာအုပ်တိုက်<br>၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊<br>တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဝင်းကျော်ထွန်း (၀၇၉၅၈)၊<br>မုံရွေးပုံနှိပ်တိုက်၊<br>၈၀/ခ၊ သံလွင်လမ်း၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| စာမူခွင့်ပြုအမှတ် | ၄၀၀၃၁၇၀၃၀၈ |
| အဖုံးခွင့်ပြုအမှတ် | ၄၀၀၇၂၈၀၇၀၉ |

ညီညီနိုင် ၁၅၂.၄

လူဆိုတဲ့လူ အစွမ်းအစရှိတဲ့လူ / ညီညီနိုင်။ - ရန်ကုန်၊ ပန်းရွှေပြည်စာပေ (ဒုတိယအကြိမ်)၊ ၂၀၀၉။

၁၉၁ - စာ ၊ ၁၂ × ၁၇.၅ စင်တီ ။

မူရင်းအမည် - How To Understand HUMAN NATURE

by Herbert.N.Casson

(၁) လူဆိုတဲ့လူ အစွမ်းအစရှိတဲ့လူ။


mgyoe.com

mgyoe.com SAMPLE BOOK

ပါဝင်သည့်အကြောင်းအရာ

* ဘာသာပြန်သူရဲ့အမှာ ၇
* ဗိတ်ဆက်နိဒါန်း ၉
- အခန်း ၁ ၂၁
လိုချင် တပ်မက်ကြတာ လူ့သဘာဝ
- အခန်း ၂ ၃၃
ခံစားကြတာ လူ့သဘာဝ
- အခန်း ၃ ၄၃
စိုးရိမ်ကြောက်လန့်တတ်တာ လူ့သဘာဝ
- အခန်း ၄ ၅၅
အတုယူတတ်တာ လူ့သဘာဝ
- အခန်း ၅ ၆၉
ကွဲပြားခြားနားမှုရှိတာ လူ့သဘာဝ
- အခန်း ၆ ၈၁
သက်ဝင်ယုံကြည်မှုနှင့် လူ့သဘာဝ



mgyoe.com

mgyoe.com SAMPLE BOOK

- အခန်း ၇ ၉၁
အတွေးအခေါ်နှင့် လူ့သဘာဝ

- အခန်း ၈ ၁၀၃
အကျင့်စလေ့နှင့် လူ့သဘာဝ

- အခန်း ၉ ၁၁၅
ပြုပြင်ပြောင်းလဲခြင်းနှင့် လူ့သဘာဝ

- အခန်း ၁၀ ၁၂၅
ချီးမွမ်းမှု၊အပြစ်တင်မှုနှင့် လူ့သဘာဝ

- အခန်း ၁၁ ၁၃၅
ခေါင်းဆောင်မှုကို လေးစားခြင်းနှင့် လူ့သဘာဝ

- အခန်း ၁၂ ၁၄၅
ဖို၊မကိစ္စနှင့် လူ့သဘာဝ

- အခန်း ၁၃ ၁၅၇
သိစိတ်နှင့် မသိစိတ် ယှဉ်တွဲနေတာ လူ့သဘာဝ

- အခန်း ၁၄ ၁၆၉
စံနမူနာ ထားမှုများနှင့် လူ့သဘာဝ

* စာနိဂုံး ၁၈၁



mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူရဲ့ အမှာ

ဒီစာအုပ်ကို မူရင်းရေးသူဟာ တစ်ချိန်က ကမ္ဘာကျော် အောင်မြင်ကြီးပွားရေးကျမ်းပြု ဒဿနဆရာကြီး ဟားဘတ်ကတ်ဆင်[၁] ပါပဲ။ ဆရာကြီးဟာ ကျမ်းပေါင်း ၁၀၀ ကျော် ရေးသားခဲ့ရာက စာအုပ်တိုင်းကို စောင်ရေ သန်းနှင့်ချီပြီး အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ခဲ့ရတဲ့အထိ ကျော်ကြားထင်ရှားခဲ့ပါတယ်။

ဆရာကြီးရဲ့လက်ရာတွေက လွန်ခဲ့တဲ့ အနှစ် ၅၀ ကျော်က ပြုစုရေးထားခဲ့တာ ဖြစ်ပေမယ့် ဒီနေ့အထိ ခေတ်မီတဲ့အတွေးအခေါ်, ဒဿနအမြင်တွေ ပါဝင်နေဆဲပါ။

ယခု ပြန်ဆိုတဲ့ စာအုပ်မှာလည်း လူကို ဗဟိုပြုပြီး နိုက်နိုက်ချွတ်ချွတ် လေ့လာဆန်းစစ်ထားတဲ့ လူ့သဘာဝအဖွဲ့တွေကို တွေ့ရပါတယ်။ လူ့သဘာဝ ၁၄ ပါးဆိုတဲ့ အခြေခံသဘောတရားတွေကို ဖော်ထုတ်ပြီး ရှုထောင့်မျိုးစုံက သုံးသပ်ရှင်းပြထားတာပါ။

စိတ်သဘာဝနှင့်ယှဉ်တဲ့ လူ့ရဲ့စွမ်းပကား, အရည်အသွေးတွေအကြောင်း ပြည့်ပြည့်စုံစုံ ဖတ်ရှုရမှာ ဖြစ်ပါတယ်။ အနောက်တိုင်းဒဿနရဲ့ လူနှင့် လောကအမြင်တွေပဲ ဆိုပါတော့။

ဒီစာအုပ်ရဲ့ အနှစ်သာရအားဖြင့် 'လူဟာ လူပဲ။ ဘာမျှမကွာခြားလှပါဘူး။ လူလူချင်း အတူတူပါပဲ' လို့ ကောက်ချက် ဆွဲတာပါပဲ။

ဟုတ်ပါတယ်။

လူဟာ လူပဲ။ ဘာကွာလို့လဲ။

၁-Herbert Casson

mgyoe.com

mgyoe.com SAMPLE BOOK

ဘာတွေ ကွာသလဲဆိုတဲ့ ကွာခြားချက်လေးတွေ အနည်းနှင့် အများ တော့ ရှိမှာပေါ့။ ဒါပေမယ့် တစ်ခြားလူတွေနှင့် ကွာဟချက်တွေကို ညှိဖို့နှင့်၊ ကိုယ့်အတွင်းစိတ်က အဆင့်နိမ့်နေရင် အားဖြည့်မြှင့်ဖို့ နမူနာ 'စံ'တွေပြပြီး လမ်းညွှန်ထားတာတွေ ဒီစာအုပ်မှာ ပါပါတယ်။

အဓိကအချက် အနေဖြင့်တော့ -

ဘဝအောင်မြင်ရေးမှာ အတူတူ လူလူချင်း နားလည်မှုရှိစွာ ပေါင်း သင်းဆက်ဆံရေး၊ လက်တွဲလုပ်ကိုင်ရေး၊ လောကကောင်းကျိုးဆောင် ရေး၊ ကိုယ်ချင်းစာတရားနှင့် ကြင်နာစိတ်တွေထားပြီး အပြန်အလှန် ကူညီရိုင်းပင်းရေး၊ ဟန်ဆောင်လှည့်ဖြားမှုနှင့် လူတန်းစားခွဲခြားမှု ပပျောက်ရေးတွေက ဒီစာအုပ်ရဲ့ ရည်မှန်းချက်တွေပဲ ဖြစ်ပါလိမ့်မယ်။

ဒါကြောင့်လည်း စာရေးသူ ဘာသာပြန်ရာမှာ မူလစာအုပ်အမည် ကို တိုက်ရိုက်မယူတော့ဘဲ ဆရာကြီးရဲ့ မေတ္တာပါတဲ့ ရည်ရွယ်ချက်ကို ဖော်ဆောင်တဲ့အနေဖြင့် နာမည်သစ် ပေးလိုက်တာပဲ ဖြစ်ပါတယ်။

'လူဆိုတဲ့လူ၊ အစွမ်းအစရှိတဲ့လူ' ဆိုပြီးပေါ့။

ဘာသာပြန်သူ


mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်နိဒါန်း

လူ့လောကမှာ လူ့သဘာဝဟာ 'အဓိက အရေးကြီးဆုံးပဲ' ဆိုရင် ငြင်းနိုင်ပါ့မလား။

လုပ်ငန်းကိုင်ငန်း၊ နိုင်ငံအုပ်ချုပ်မှု၊ စာပေ၊ စီးပွားကုန်သွယ်ရေး၊ သိပ္ပံပညာ၊ ယုံကြည်ချက်၊ အသက်မွေးဝမ်းကျောင်းအတတ် ဆိုတာတွေ အားလုံးက အပေါ်ယံကြော အခွံအကာတွေ သဘောပဲရှိပြီး လူရဲ့ ဒုတိယပဓာနအဆင့်ပဲရှိတာ မဟုတ်လား။

ဒီလောက၊ ဒီကမ္ဘာရဲ့ တိုးတက်မှုသမိုင်းဟာ လူ့သဘာဝရဲ့ တိုးတက်ပြောင်းလဲမှုပဲ မဟုတ်ဘူးလား။

စွမ်းဆောင်မှုနှင့် ပတ်သက်တဲ့ နည်းစနစ်တွေဟာလည်း သိပ္ပံပညာတွေနှင့် ကုန်ထုတ်လုပ်မှုတွေပေါ်မှာ အခြေခံရုံသာမက လူ့သဘာဝဆိုင်ရာ အချက်အလက်တွေမှာလည်း အခြေခံထားရတာပဲ မဟုတ်လား။

စာဖတ်သူအနေနှင့် ဒီမေးခွန်းတွေကို "ဟုတ်ပါတယ်၊ မှန်ပါတယ်" လို့ ဖြေဆိုမယ်ဆိုရင်တော့ ဒီစာအုပ်ထဲက အခန်း ၁၆ ခန်းကို စိတ်ဝင်စားမှာ မလွဲပါဘူး။

ကျွန်တော်က လောကရဲ့ အရေးပါဆုံးအရာကို လူ့သဘာဝလို့ နာမည်ပေးပြီး ဒီအချက်တွေကို တိကျမှန်ကန်စွာ ကောက်ချက်ဆွဲပြထားတာပါ။ တစ်နည်းအားဖြင့် လူ့သဘာဝရဲ့ အထင်ရှားဆုံး အဓိက လက္ခဏာတွေကို ဖော်ထုတ်ရှင်းပြထားတာပါ။

ယန်းကျော့ပြည်စာအုပ်တိုက်



mgyoe.com

mgyoe.com SAMPLE BOOK

တကယ့်တကယ်တော့ လူ့သဘာဝလို့ ခေါ်ရတာတောင် ကျေနပ်အားရစရာ သိပ်မကောင်းလှသေးပါဘူး။ ဒီစကားလုံးက 'လူ'ဆိုတဲ့ ဝေါဟာရအောက်မှာပဲရှိတဲ့ ဆင့်ပွားအဓိပ္ပာယ်သက်ရောက်နေလို့ပါပဲ။ ဒါပေမယ့် ဒီ့ထက်ကောင်းတဲ့ နာမည်ပညတ်လည်း မရှိတော့တာ တွေ့ရပါတယ်။

ဆိုလိုတာက လူ့သဘာဝဟာ အတော်လေး အဆင့်မြင့်ထူးခြားပြီး တန်ဖိုးရှိနေတာမို့ပါပဲ။ လူ့သဘာဝလို့ သုံးနှုန်းလိုက်တာဟာ 'စိတ်'၊ 'ဝိညာဉ်'၊ 'ဥပမိ၊ ရုပ်လက္ခဏာ'၊ 'အတ္တ'၊ 'ဆန္ဒ' တို့ဆိုတဲ့ စကားလုံးတွေထက် သာလွန်ကောင်းမွန်တဲ့ အဓိပ္ပာယ်ရှိပါတယ်။ လူတွေရဲ့ ဦးနှောက်၊ ခန္ဓာကိုယ် ခံစားမှုနှင့် ဆန္ဒအပါအဝင် တစ်ကိုယ်လုံးကို ခြုံပြီး ပြောလိုက်ရာရောက်သွားတယ်ဆိုပါတော့။ ဒါနှင့်အမျှ လူ့သဘာဝမှာ ကောင်းတာ၊ ဆိုးတာ၊ အကောင်း၊အဆိုး ခွဲခြားမရဘဲ ရောထွေးနေတာတွေ အားလုံးလည်း ပါသွားတော့တာပါပဲ။

ကျွန်တော်တို့ အင်္ဂလိပ်ဘာသာစကားမှာ 'လူ'ဆိုတဲ့ သတ္တဝါကို ပြီးပြည့်စုံတဲ့ စကားလုံးတစ်လုံးတည်းနှင့် ဖော်ပြနိုင်စွမ်း မရှိခဲ့ပါဘူး။ 'လူ'ဆိုတာ အသွေးအသား၊ အရိုးအကြောတွေ စတဲ့ရုပ်ပိုင်းနှင့် စိတ်ကူးဉာဏ်၊ ခံစားမှု၊ ကြောက်ရွံ့မှု၊ မျှော်လင့်မှု၊ ဓလေ့ဝါသနာ၊ သိစိတ်၊ မသိစိတ်တွေဆိုတဲ့ စိတ်ပိုင်းတွေ ပေါင်းစပ်ထားပြီး၊ တခြား အမည်မဖော်နိုင်ဘဲ ကျန်တာတွေပါ ပါဝင်ထားတဲ့ အံ့သြဖွယ်ရာ သတ္တလောကသားတစ်ယောက် ဖြစ်နေလို့ပါပဲ။

ခုချိန်ထိတော့ ကျွန်တော်တို့ဟာ လူ့သဘာဝကို ကဏ္ဍခွဲပြီး လေ့လာထားမှုတွေ ရှိခဲ့ပါတယ်။ ဥပမာ - ကုန်သည်က လူကို ရောင်းသူ သို့မဟုတ် 'ဝယ်သူ' အဖြစ် လေ့လာတယ်။ ဆရာဝန်က လူကို 'စက်ကိရိယာတစ်ခု' သို့မဟုတ် 'ဖြစ်ပျက်စဉ်တစ်ခု'အနေဖြင့် လေ့လာတယ်။


mgyoe.com

တရားဟောဆရာက လူကို 'ယုံကြည်ကိုးကွယ်သူ' နေရာထားပြီး လေ့လာတယ်။ စက်ရုံပိုင်ရှင်က လူကို 'ကုန်ထုတ်လုပ်သား'အဖြစ်နှင့် လေ့လာတယ်။ ရှေ့ဆက်ပြောရင်တော့ အများကြီး။ ဒါပေမယ့် လူ တစ်ယောက်ချင်းကို အပြည့်အစုံနားလည်အောင် ဘယ်သူမှ သုံးသပ် ဆန်းစစ်မှုတွေ မလုပ်နိုင်ကြပါဘူး။ ဘယ်သူမှ လူတစ်ယောက်ကို အပေါ်စီးကနေ စူးရှထက်မြက်တဲ့အမြင်ဖြင့် 'သူ ဘယ်လိုလူစား' ဆိုတာ တိတိပပ ဖော်ညွှန်းနိုင်တာမျိုး မရှိသေးဘူးပဲ ဆိုရမှာပါ။

ကျွန်တော်တို့အနေဖြင့် မြင်းသဘာဝ၊ ခွေးသဘာဝ၊ နှင်းဆီပန်း တွေရဲ့ သဘာဝ၊ သံသတ္တုတို့ သဘာဝကို ရေတွက်နိုင်ခဲ့ပါတယ်။ ကြယ်တာရာတွေရဲ့ သဘာဝကိုတောင် ရေတွက်ချိန်ဆနိုင်ခဲ့ပါတယ်။ မြေပြင်နှင့် သမုဒ္ဒရာတွေကိုလည်း တိုင်းတိုင်းထွာထွာနှင့် မြေပုံဆွဲထားနိုင် ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ ကျွန်တော်တို့ကိုယ် ကျွန်တော် တို့တော့ အပြည့်အစုံ မလေ့လာနိုင်ကြသေးပါဘူး။

ကမ္ဘာ့မြေကြီးရဲ့ နက်နဲထူးဆန်းဆုံး အကြောင်းအရာတွေကို သိသလောက်တောင် ကိုယ့်ကိုယ်ကိုယ် ခြေဆုံးခေါင်းဖျား အူမချေးခါး မကျန်အောင် မသိကြသေးဘူးဆိုရင် လွန်မယ်မထင်ပါ။

ကျွန်တော်တို့ဟာ လောကသဘာဝကြီးရဲ့ အခြားအခြားသော လျှို့ ဝှက်ဆန်းကြယ်မှုများကိုတော့ တစ်ခုချင်း ရှာဖွေဖော်ထုတ်ပြီး အောင်မြင် မှုရအောင် ဖြေရှင်းနိုင်ခဲ့ကြပါတယ်။ ဒီလိုနှင့် ကျွန်တော်တို့ဟာ ငှက်တွေ ထက် ပိုပြီးမြန်အောင် ပျံသန်းနိုင်စွမ်း ရှိခဲ့ကြတယ်။ ရေအောက်မှာ ကူးခတ်သွားလာနိုင်ကြတယ်။ ကုန်းပေါ်မှာ ၁ မိနစ် ၁ မိုင်နှုန်းနှင့် ခရီးသွားလာနိုင်ကြသလို၊ ၁၂ စက္ကန့်အတွင်း ကမ္ဘာ့အစွန်းတစ်ဖက်ကို ကြေးနန်းရိုက် ဆက်သွယ်နိုင်ကြတယ်။ ရေနွေးငွေ့စက်၊ လျှပ်စစ် စွမ်းအင်၊ ရေဒီယမ်သတ္တုတွေရဲ့ အာနိသင်ကို စိုးပိုင် ကြိုးကိုင်နိုင်ခဲ့ကြ


mgyoe.com

တယ်။ ကျွန်တော်တို့အတွက် နောက်ဆုံးကျန်ရှိတဲ့ ရောမလျှို့ဝှက်ချက်ကြီးကတော့ လူနှင့် လူ့ကိစ္စ လူ့အကြောင်းတွေပါပဲ။

ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် လေ့လာဖို့ မလွယ်လောက်အောင် ကိုယ့်ရုပ်ခန္ဓာနှင့် ကိုယ့်နာမ်ခန္ဓာတွေဟာ အနီးကပ်လွန်းနေပြီး တစ်သားတည်းစပ်နေလို့ ဖြစ်နိုင်ပါတယ်။ ညာဘက်မျက်စိက ဘယ်ဘက်မျက်စိကို ရိုးရိုးကြည့်ရုံနှင့် မမြင်သလိုပါပဲ။

ကိုယ့်နှာခေါင်းပုံစံ ကိုယ် မှန်ထဲမှာ သေသေချာချာကြည့်မိ သိရှိတဲ့ လူရယ်လို့ အနည်းအကျဉ်းသာ ရှိပါတယ်။ လူတချို့သာ ကိုယ့်ရဲ့ ပင်ကိုသဘာဝကို ယထာဘူတကျတဲ့ သမ္မာအမြင်နှင့် သိပ္ပံနည်းကျ လေ့လာသိရှိကြပါလိမ့်မယ်။

ရူးဆိုး[၁] ဟာ စာအုပ်တစ်အုပ်မှာ သူ့ကိုယ်သူ မညာတမ်း ပယ်ပယ်နယ်နယ် ဖော်ထုတ်ရေးသားခဲ့ပါတယ်။ မာရီးဘက်ရှ် ကားဆက်ဖ်[၂]ကလည်း သူ့လိုပဲ ရဲဝံ့တဲ့ ကလောင်စွမ်းပြခဲ့ပါရဲ့။

သို့ပေမယ့် သူတို့ စာအုပ် ၂ အုပ်စလုံးက ဝတ္ထုဆန်ဆန် ရေးဖွဲ့ထားတာတွေသာဖြစ်ပြီး၊ လူ့သဘာဝကို သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာ လေ့လာရာ မရောက်ခဲ့ပါဘူး။

လူမျိုးလူနွယ် တစ်ရပ်လုံးကို အကျိုးပြုဖို့ အသိဉာဏ်ရှင် ဘယ်ပုဂ္ဂိုလ်မျှ သူ့ကိုယ်သူ ဝေဖန်ပိုင်းခြား သရုပ်ခွဲပြတာမျိုး မရှိသေးတာတော့ အမှန်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း အဲ့ဒီလို ကြိုးပမ်းပြီး လူ့စွမ်းကောင်းလုပ်ဖို့ စိတ်မကူးပါ။ ဒီလိုဝန်ခံချက်ပေးရန် အချိန်မတန်သေးဘူးလို့ ယူဆမိပါတယ်။

တစ်ယောက်ယောက်ဟာ သူ့ကိုယ်သူ တစ်စစီခွဲစိတ်ပြီး လူပုံအလယ်မှာ ချခင်းပြမယ်ဆိုတာနှင့် တစ်ပြိုင်နက် အရှက်ကွဲမယ်၊ ဂုဏ်

၁-Rousseau

၂-Marie Bashkirtseff

mgyoe.com

သိက္ခာ ထိခိုက်ပျက်ပြားမယ်၊ ရှူးကြောင်ကြောင်လုပ်တယ်လို့ စွပ်စွဲခံရမယ်။ သေချာပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီလူဟာ လူသားတွေ ကောင်းကျိုးတွက် အနစ်နာခံ စွန့်စားခဲ့သလို၊ သိပ္ပံပညာရဲ့ အာဇာနည်တစ်ယောက်ရယ်လို့ သတ်မှတ်ဂုဏ်ပြုရတော့မှာပါပဲ။

ဒါကြောင့် ဒီစာအုပ်ရေးရတဲ့ ရည်ရွယ်ချက်က လူ့သဘာဝကို စူးစမ်းလေ့လာလိုကြတဲ့ အနာဂတ်ဒါဝင်တွေအတွက် ကြိုတင်ပြင်ဆင်မှုတစ်ခုအနေဖြင့် လမ်းခင်းပေးတာပဲ ဖြစ်ပါတယ်။

ဒါဝင်[၁]ဟာ တီကောင်တွေကို နှစ်ပေါင်း ၃၀ ကြာ လေ့လာခဲ့သလိုပဲ၊ နှောင်းလူတွေဟာ သူ့ကိုယ်သူ တခြားလူတွေကို လေ့လာစေချင်ပါတယ်။

ကျွန်တော်ရေးခဲ့တဲ့ စာအုပ်တစ်အုပ်မှာ လူတွေရဲ့အာရုံကို ဆွဲဆောင်နိုင်ဖို့အတွက် စီးပွားရေးလုပ်ငန်းတွေရဲ့ 'ထင်ရှားတဲ့ အမှန်တရား' လို့ နာမည်ပေးခဲ့ပါတယ်။ ခုလည်း လူ့သဘာဝရဲ့ ထင်ရှားတဲ့အမှန်တရားတွေကို အာရုံစိုက်ပြီး သိသာစေချင်တဲ့ဆန္ဒ ရှိပါတယ်။

လူဆိုတာ ဘာသာ၊ လူမျိုး၊ အဆင့်အတန်း၊ ပညာအရည်အချင်းစသဖြင့် ဘယ်လိုပဲ ကွဲပြား ခြားနားပါစေ။ လူသားဆန်တဲ့ အဓိကနေရာအထာတွေ အညာတွေမှာတော့ အားလုံးအတူတူပါပဲ။ အပြင်သဏ္ဍာန် အပေါ်ယံကြောပုံစံတွေ ထူးထူးခြားခြား ကွဲပြားကြတဲ့တိုင်အောင်၊ အခြေခံတည်ဆောက်မှု သဘာဝတွေကတော့ ထူးထွေခြားနားခြင်း မရှိသလောက်ဖြစ်ပါတယ်။

ယဉ်ကျေးမှုသမိုင်းနှင့် ခေတ်အဆက်ဆက် ပြောင်းလဲခဲ့ကြပေမယ့် လူ့သဘာဝဆိုတဲ့ ထင်ရှားတဲ့အမှန်တရားကတော့ ဟိုး လွန်လေပြီးသော ရာစုနှစ်များစွာအတိုင်းပဲ မပြောင်းမလဲ ရှိနေဆဲ။

လူ့သဘာဝဟာ လန်ဒန်၊ ဖက်ဇ်၊ ပရစ်စ်၊ ဘက်ဂဒက်၊ နယူးယောက်၊ ပီကင်းတို့မှာလည်း 'လူဟာ လူပဲ၊ ဘာကွာလို့လဲ' ဆိုတဲ့ သဘောပဲ ပြနေကြတာကလား။

၁- Darwin

mgyoe.com

လူနေမှုအဆင့်အတန်းဆိုတာ ပကာသနသက်သက်ပါပဲ။ ရွှေထက် အရောင်အဆင်းတောက်ပြောင်ပြီး၊ ကျွန်တော်တို့ကို အရူးလုပ် လှည့်စား နေတာသာ ဖြစ်ပါတယ်။

ဒီ အဆင့်အတန်း ပကာသနကိုပဲ လူမျိုးသစ်တစ်မျိုးလို့ ယုံကြည်နေကြတာပါပဲ။ ဒါဟာ လုံးဝ မမှန်ကန်တဲ့ မဟာအမှားကြီး ပဲပေါ့။

ကမ္ဘာစစ်ကြီးတွေ ဖြစ်လာတော့ မကြုံစဖူး အတိဒုက္ခတွေရောက် ခဲ့ကြရာက 'လူ့ယဉ်ကျေးမှု အဆင့်အတန်းဆိုတာ အရေခွံပါးပါးလေးပါ လား' လို့ သေသေချာချာ သိလိုက်ကြရပါပြီ။

ဒီ လူ့ယဉ်ကျေးမှုအဆောက်အအုံ တစ်ခုလုံးကို ကြောက်ရွံ့မှုဆိုတဲ့ ရူးသွပ်မုန်တိုင်းက အချိန်မရွေး ဖယ်ရှင်းပစ်နိုင်သလို၊ ကျွန်တော်တို့ကို ဗုံးခိုကျင်းတွေနှင့် တဲပုတ်လေးတွေဆီ လွင့်စဉ်စေနိုင်ပါတယ်။ ဒီ့အပြင် ရာသီဥတုဒဏ်၊ အငတ်ဘေးဒဏ်၊ သေဘေးဒဏ်တွေ ရင်ဆိုင်ရင်းက ဆင်းရဲမွဲတေတဲ့ ဘဝတွေကို တွန်းပို့တော့တာပါပဲ။

ကာလိုင်လေး[၁]က ကျွန်တော်တို့ကို အဝတ်အစားနှင့် အပေါ်ယံ အလှပြင်သမှုများနှင့် မရူးသွပ်ကြဖို့ သင်ကြားပေးခဲ့ပြီးသားပဲ မဟုတ် ပါလား။

ဘေကွန် (Bacon), နယူးတန် (Newton), လော့ကေး (Locke), ဒါဝင် (Darwin), ဟပ်စ်လီ (Huxley) တို့ကလည်း 'အထင်အမြင် အယူဝါဒတွေကြောင့် အရူးမဖြစ်ကြပါနှင့်' လို့ သတိပေး သင်ကြားခဲ့ကြတယ်လေ။

ဗြိတိသျှလူမျိုးတွေဟာ လက်တွေ့ကျတဲ့ အသိဉာဏ်တွေနှင့် အမှန် တရားကိုရှာဖွေပြီး၊ အရာရာကို ရင်ဆိုင်ရဲတဲ့ သတ္တိတွေရှိကြပေမယ့်၊ တခြားလူမျိုး အများစုကတော့ ဒဏ္ဍာရီတွေနှင့် ယုံတမ်းစကားတွေရဲ့ မှိုင်းတိုက်ခြင်း ခံခဲ့ကြရတာပဲ မဟုတ်ပါလား။

၁-Carlyle

mgyoe.com

ဒီတော့ ကျွန်တော်တို့မှာ သင်ခန်းစာတွေ အများအပြား ရှိခဲ့ကြသလို၊ သင်ယူဖို့လည်း အချိန်အခါ ရောက်နေပါပြီ။

ဒါနှင့်အမျှ ကျွန်တော်တို့ အဆုံးမသတ်နိုင်သေးတဲ့ ဘဝရဲ့ ရှန်းကန်မှုများအတွက် ကြိုတင်ပြင်ဆင်သောအားဖြင့် တစ်မျိုးသားလုံးနှင့်ဆိုင်တဲ့ အကျင့်စလေ့တွေကို စမ်းသပ်မှု လုပ်သင့်ပါပြီ။

ကျွန်တော်တို့အဖို့ လူ့သဘာဝကို အရိုးစင်းဆုံးနှင့် အပိုအလို မရှိအောင် ကောင်းကောင်းကြီး လေ့လာခဲ့ပြီး ဖြစ်ပါတယ်။ လူ့သဘာဝနှင့် စပ်လျဉ်းသမျှ ပကတိအတိုင်းလည်း စူးစမ်းနိုင်ခဲ့ကြတာလို့ ဆိုနိုင်ပါတယ်။ ဒီ့အပြင် 'ရလဒ်'တွေထက် 'အကြောင်းရင်း'တွေကို ရှာဖွေတွေ့ရှိခဲ့ကြတယ်ဆိုလည်း မမှားပါဘူး။

ဒီအကြောင်းရပ်ကို ရေးရာမှာ ကျွန်တော့်အနေဖြင့် ရေးသင့်ရေးထိုက်တာတွေကို ဝံ့ဝံ့စားစားရေးမှာ ဖြစ်သလို၊ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ကာကွယ်စရာအကြောင်း သိပ်မရှိပါဘူး။

'လူ့သဘာဝ' ဆိုတဲ့ ဘာသာရပ်နှင့် ပတ်သက်လို့ ကျွန်တော်တို့အားလုံး ပေါ့ပေါ့တန်တန်ပဲ သဘော ထားခဲ့မိကြပါတယ်။ တစ်ဖက်ကလည်း လူ့သဘာဝဟာ ဘယ်သို့ဘယ်ညာဆိုပြီး ပြောပိုင်ခွင့် မရှိသလို၊ ကျွန်တော်ကိုယ်တိုင်လည်း ဆရာကြီးတစ်ဆူ မလုပ်လိုပါ။

ဘာပဲဖြစ်ဖြစ်၊ ဒက်စ်ကားတက်စ် (Descartes)က ဒါဝင်အတွက် လမ်းစ ဖော်ပေးခဲ့သလို၊ ကျွန်တော်ကလည်း လူ့သဘာဝကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာဖော်ထုတ်လိုသူတွေအတွက် လမ်းစ ရှာပေးရုံပါပဲ။

ကျွန်တော် အဓိက ပန်ကြားချင်တာကတော့ ကျွန်တော်ဟာ လူ့သဘာဝကို ဘက်စုံ,ထောင့်စုံက ရှုမြင်နိုင်တဲ့စွမ်းအား သိပ်မရှိတာကိုပဲ ဖြစ်ပါတယ်။

ကျွန်တော် ရက်အင်ဒီးယန်းတွေ, လန်ဒန်မြို့သားတွေကြားမှာ နေခဲ့သလို၊ တောင်ကြီးမြောက်မည်းထဲမှာ အကြီးဆုံး မြို့တော်ကြီးတွေမှာလည်း



mgyoe.com

mgyoe.com SAMPLE BOOK

နေထိုင်ခဲ့ဖူးပါရဲ့။ အလွန်ဆင်းရဲတဲ့လူတွေနှင့် ချမ်းသာတဲ့လူတွေ၊ ပညာမတတ်သူတွေနှင့် ပညာတတ်တွေကိုလည်း အတူ ပေါင်းသင်းဆက်ဆံခဲ့ပါတယ်။ အလားတူပဲ အခြေခံချင်း အတော်လေး ကွဲပြားခြားနားတဲ့ စီးပွားရေးလုပ်ငန်းမျိုးစုံမှာ ကျင်လည်ခဲ့ရတဲ့ အတွေ့အကြုံတွေအရ လုပ်ငန်းသဘာဝ၊ လူ့သဘာဝပေါင်းစုံကိုလည်း အသေးစိတ်ကျကျ သိမြင်နိုင်ခွင့် ကြုံခဲ့တယ် ဆိုရမှာပါ။

ဒီတိုင်အောင် ခုဖော်ပြမယ့် ကျွန်တော့်ရဲ့ လူ့သဘာဝလေ့လာချက်တွေက ဒါဝင်ရဲ့ 'သတ္တဝါတို့၏ ဗီဇအစ' စာအုပ်ထဲကလို သိပ္ပံနည်းကျဖြစ်မယ်လို့ တပ်အပ် မပြောနိုင်ပါ။

တစ်ခုပြောရမှာက ဒီလေ့လာချက်တွေဟာ ဘာသာတရားဆိုင်ရာ ယုံကြည်မှုတွေနှင့် အတွေးအထင်သက်သက်ပေါ်မှာ အခြေမခံဘဲ၊ ကျွန်တော့်ဘဝတစ်သက်တာက စူးစမ်းသိရှိချက်တွေ အပေါ်မှာ အားပြုထားတယ်ဆိုတာပါပဲ။

တစ်နေ့မဟုတ် တစ်နေ့တော့ လူသားတွေရဲ့ အတွေးအကြံတွေနှင့် ခံစားချက်တွေကို လေ့လာဖော်ထုတ်နိုင်မယ့် သိပ္ပံကိရိယာတွေ ဖြစ်မယ်လို့တော့ မျှော်လင့်ကောင်း မျှော်လင့်နိုင်ပါတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူ့ရဲ့စိတ်နှလုံးသား ခံစားချက်တွေကို ခြေရာခံ သိနိုင်ရာက လူပုဂ္ဂိုလ်တွေနှင့်ဆိုင်တဲ့ လျှို့ဝှက်ချက်တွေကို ရှင်းရှင်းလင်းလင်း အဖြေထုတ်နိုင်မယ်လို့လည်း ယူဆမိပါတယ်။

ခုလောလောဆယ်တော့ အချိန် မကျသေးပါဘူး။ ကျွန်တော်တို့ အများစုဟာ သမိုင်းဦးခေတ်ကာလမှာ ရှိနေဆဲဖြစ်သလို၊ တိကျခိုင်လုံတဲ့ ကိုယ်ပိုင်ပညာဉာဏ်တွေ ရနိုင်ခြေ ရှိ၊မရှိဆိုတာကလည်း ဆန္ဒပြင်းပြမှု အပေါ် မူတည်နေပါတယ်။


mgyoe.com

ကျွန်တော်တို့ဟာ မှုန်ဝါးဝါးအသိဉာဏ်, စိတ်ကူးယဉ်ဆန်တဲ့ ခံစားချက်, ပျော့ညံ့တဲ့ဆန္ဒတွေ, လျှို့ဝှက်ထူးဆန်းတဲ့ ခန္ဓာကိုယ်ကို တမက်တမောဖက်တွယ်ထားဆဲ ဖြစ်နေပါတယ်။

အနာဂတ် မျိုးဆက်တချို့မှာတော့ အတိတ်က ဉာဏ်နုန့်နဲ့မှုတွေ လျော့ပါးလာတာမို့ လူ့သဘာဝရဲ့ ခဲရာခဲဆစ်ပြဿနာတွေကို ဖြေရှင်းနိုင်စရာ အကြောင်း ရှိနေပါပြီ။

ယခု ပစ္စုပ္ပန်အချိန်မှာ ကျွန်တော်တို့ လုပ်နိုင်သမျှကတော့ ရှေးရိုးစွဲ အယူအဆတွေကို ပစ်ပယ်လို့ အရင်းခံပြဿနာတွေကို ရှေ့ဆောင်လမ်းပြပြီး၊ အငြင်းပွားစရာမရှိတဲ့ အခြေခံအချက်တွေကို မှန်မှန်ကန်ကန် ပုံကြမ်းလောင်းဖို့ပဲ ဖြစ်ပါတော့တယ်။



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# လူဆိုတဲ့လူ
# အစွမ်းအစရှိတဲ့လူ

## How To Understand
## HUMAN NATURE

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

## လိုချင် တပ်မက်တတ်ကြတာ လူ့သဘာဝ

လူ့သဘာဝတစ်ရပ်ဟာ လိုချင်တပ်မက်ခြင်းပါပဲ။ လူတိုင်းဟာ လိုအင်ဆန္ဒများနှင့် ပေါင်းစပ်ဖွဲ့စည်းထားတဲ့ 'အထုပ်တစ်ထုပ်၊ တစ်နည်း လောဘရဲ့ သားကောင်' တွေ ဖြစ်ပါတယ်။

လောကကြီးမှာ ဘယ်လိုလူမျှ ဆန္ဒပြည့်ဝတယ်လို့ မရှိသလို၊ ဘယ်အခါမျှ တင်းတိမ်ရောင့်ရဲတယ် လို့လည်း မရှိပါဘူး။ လူတိုင်းဟာ အမြဲတမ်း လိုချင်လောဘတွေ တက်နေကြတာကိုး။

လူတိုင်းပဲ တစ်နေ့တာအတွင်း အကြိမ်ပေါင်းများစွာ ဆာလောင်မွတ်သိပ်နေပြီး၊ အစားအစာ စားလိုစိတ်တွေ အထပ်ထပ် ပေါ်ပေါက်နေရပါတယ်။ ဒီစိတ်ဆန္ဒမှာ ခြွင်းချက် မထားပါဘူး။

ကမ္ဘာကျော် ကဗျာဆရာကြီး ရှယ်လီ[၁] ပါမကျန် တွေးတည်းတွေးနေရုံနှင့် အသက်မရှင်နိုင်တာ အမှန်။ သူလည်း အညတရသမားတစ်ယောက်လိုပဲ တစ်နေ့ကို ထမင်း ၃ နပ် ပုံမှန် စားလိုတာပဲပေါ့။

ဒီကမ္ဘာမှာ ကောင်းကင်ဘုံ ရောက်ရာရောက်ကြောင်းချည်းသာ ကျင့်ကြံအားထုတ်ပြီး ဘာမျှ မစားမသောက်ဘဲ အသက်ရှင် ရပ်တည်နေတဲ့ ခရစ်ယာန်ဂိုဏ်းချုပ်ရယ်လို့ တစ်ယောက်မျှ မရှိခဲ့ပါဘူး။ သူလည်း ပေါင်မုန့်၊ ကြက်ဥ၊ အာလူး၊ ဝက်အူချောင်းတွေ၊ တခြားစားစရာ သောက်စရာတွေကို တောင့်တရတာပဲလေ။

၁- Shelley

m.gyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ဟာ ကဗျာဆရာတွေ၊ စိတ်ကူးယဉ်ဝါဒီတွေရဲ့ သွေးဆောင်ဖြားယောင်းမှုကြောင့် ကုန်စုံဆိုင်ရှင်တွေကို အထင်သေးပြီး ရွံမုန်းနေမိကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံးဟာ ကိုယ့်အစီအစဉ်နှင့်ကိုယ် သူတို့ကို ရှေ့တန်းတင်ထားရတာပဲ မဟုတ်ပါလား။

မွေးကင်းစကလေးတိုင်းဟာ အဓိကကျတဲ့ လိုအပ်ချက် ၂ ရပ်ကို တောင်းဆိုကြပါတယ်။ ပထမ 'လေ'၊ နောက် 'အစာ'၊ လူမမည်ကလေးတိုင်းဟာ မွေးလိုက်တာနှင့် နို့သောက်ရဖို့ ငိုသံပေးရင်း ဘဝကို နိဒါန်း စခဲ့ကြတာချည်း။ လူသားအားလုံးဟာ ဘဝ အစကတည်းက လိုချင်တောင့်တမှုတွေ ရှိခဲ့ကြတာ ထင်ရှားပါတယ်။

စားစရာဆိုတာ ဝမ်းထဲကို မရောက်မချင်း သင့်အတွက် ကမ္ဘာပေါ်မှာ အရေးကြီးဆုံးအရာဝတ္ထု ဖြစ်ခဲ့ပါတယ်။ ဒီလောကမှာ ဝဝလင်လင် စားနိုင်သူတွေက အစားအသောက် ချို့တဲ့နွမ်းပါးသူတွေရဲ့ ဆင်းရဲဒုက္ခတွေကို စာနာ သနားရကောင်းမှန်း မသိတဲ့အပြင် မထီမဲ့မြင် လုပ်နေတတ်ကြပါတယ်။ ဒါဟာ ထမင်းဝနေသူတွေရဲ့ အတ္တကြီးမှုနှင့် မရိုးသားမှုရဲ့ သာဓကပြယုဂ်ပဲ ဖြစ်ပါတယ်။

လူကုံထံအသိုင်းအဝန်းက တော်ဝင်မိသားစုဆိုသူတွေဟာ ၂၄ နာရီလုံးလုံး ထမင်းတစ်နပ်မျှ မစားရဘူးဆိုရင် သူတို့အနေဖြင့် သိပ္ပံပညာ၊ ဒဿနပညာရပ်တွေကို ဘယ်အထိ အာရုံဝင်စား နိုင်တော့မှာမို့လဲ။ ယောင်လို့တောင် လှည့်ကြည့်နိုင်မှာ မဟုတ်ပါဘူး။ သူတို့ရဲ့ စိတ်ကူးတွေ၊ အတွေးတွေမှန်သမျှ ကုန်စုံဆိုင်တွေ ရှိရာမှာသာ အာရုံစိုက်ပြီး ကျက်စားနေရမှာ မုချပါ။

ဆိုရိုးစကားတစ်ရပ် ရှိတာကတော့ "ကမ္ဘာကြီးဟာ သူ့ဗိုက်ပေါ်မှာ သူ ရွှေ့လျား အားထားနေရတာပါပဲ"တဲ့။ တကယ်မှန်တဲ့ စကားပေါ့။


mgyoe.com

သကြားတွေ၊ ပေါင်မုန့်တွေ၊ အာလူးတွေကို တန်ဖိုးထားတတ်အောင် ကမ္ဘာစစ်ကြီးက ကျွန်တော်တို့ကို အထူး သင်ကြားပေးခဲ့တာပဲလေ။

ဒီတိုင်းပဲ လူတိုင်းဟာ လိုချင်တပ်မက်ကြတယ်။ လိုအပ်ချက်တွေရှိနေတယ်။ အဲဒီထဲမှာမှ နံပါတ် ၁ ဦးစားပေးရတဲ့ တပ်မက်မှုကတော့ စားစရာပါပဲ။

အဲ့ဒီနောက်မှာမှ အဝတ်အစားကဏ္ဍ ပါလာတယ်။ ငတ်ပြတ်နေသူတစ်ယောက်ဟာ ပေါင်မုန့်တစ်လုံးရဖို့အတွက် သူ့ဘောင်းဘီနှင့်လဲဖို့ဝန်လေးမှာ မဟုတ်ပါဘူး။ ပေါင်မုန့်စားပြီးတာနှင့် နောက်ထပ် ဘောင်းဘီတစ်စုံရအောင် ကြိုးပမ်း အားထုတ်ပါလိမ့်မယ်။

လူသားအားလုံးဟာ အဝတ်အစားကို အကြောင်းရင်း ၃ ချက်ကြောင့် အလိုရှိကြတာ ဖြစ်ပါတယ်။ ၁- နွေးထွေးမှု၊ ၂- အရှက်လုံရေး၊ ၃- ခေတ်မီ လှပရေးတွေပေါ့။

တပ်မက်လိုလားမှု ၂ မျိုးဖြစ်တဲ့ စားစရာနှင့် အဝတ်အစားတွေကိုအရင်းခံ အကြောင်းပြုလို့သာ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းပမာဏရဲ့ ၃ ပုံ ၂ ပုံဟာ ပေါ်ထွန်းလာရတာလို့ဆိုနိုင်ပါတယ်။

ကျွန်တော်တို့အနေဖြင့် ပညာတွေ ဘယ်လောက်ပဲ တတ်တတ်၊ အကျင့်စာရိတ္တတွေ ဘယ်လိုပဲမြင့်မားနေနေ အကြောင်းမဟုတ်ပါဘူး။ အဲ့ဒီထက် အမိကကျတဲ့အကြောင်းက ဆာလောင်မွတ်သိပ်မှုနှင့် အအေးဒဏ်ကို ခုခံကာကွယ်ဖို့ ပဓာနအကျဆုံးအဖြစ် အစဉ်အမြဲ လိုအပ်နေဆဲသာ ဖြစ်ပါလိမ့်မယ်။

အစားအသောက်၊ အဝတ်အထည်၊ နားခိုစရာ။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီ ၃ မျိုးဟာ လူတစ်ယောက်အတွက် အလိုအပ်ဆုံး အခြေခံ အကြောင်းတရားတွေပါပဲ။ လူတိုင်းအဖို့ အဓိကလိုအပ်ချက်တွေ ဆို တာလည်း ငြင်းလို့ မရပါဘူး။

စားစရာ၊ ဝတ်စရာ၊ နေစရာအိမ်တစ်လုံး ဆိုတာ လူမှန်သမျှရဲ့ အဓိကအကျဆုံး လိုလားချက်တွေ ဖြစ်နေပါတယ်။ ဒါဟာ ရှင်ဘုရင် တွေ၊ ကဗျာစာဆိုတွေ၊ ကုန်စိမ်းသည်တွေ၊ သင်္ဘောသားတွေ၊ ဗိုလ် ချုပ်ကြီးတွေ၊ အကြပ်တပ်သားတွေ၊ သတင်းစာလက်ပွေ့ရောင်းစား ရတဲ့ ချာတိတ်တွေ၊ တွေးခေါ်ပညာရှင်တွေ အားလုံးအတွက် မရှိမဖြစ် တဲ့ လိုအပ်ချက်တွေပါပဲ။

ပညာရေးနယ်ပယ်မှာ ပညာရှာသူတွေဟာ တစ်လောကလုံးကို မျက်ကွယ်ပြု လျစ်လျူရှုပြီး ပညာကို အပတ်တကုတ် လိုက်စားဖွေရှာ ကြပါတယ်။ လေ့လာ ဆည်းပူးကြပါတယ်။ ဒါပေမယ့် အခြေခံလိုအပ် ချက် ၃ ခု ဆိုတဲ့ 'အစားအစာ၊ အဝတ်အထည်၊ နားခိုရာအဆောက်အအုံ တွေ မရှိရင်တော့ အောက်စဖို့တက္ကသိုလ်၊ ကင်းဘရစ်ချ် တက္ကသိုလ် ဆိုတာကြီးတွေလည်း ဘယ်လောက်ကြာအောင် ရပ်တည်နိုင်စွမ်း ရှိပါ တော့မှာမို့လဲ။

ဒီ ၃ မျိုးသော လိုအင်ဆန္ဒတွေဟာ လူ့ဘဝရဲ့ 'ကကြီး၊ခခွေး၊ဂငယ်' ဆိုတဲ့ အခြေခံသင်ပုန်းကြီး ဖတ်စာတွေပါပဲ။ ဒီ့အပြင် နောက်တစ်ဆင့် ပြီးတစ်ဆင့် တက်ယူရမယ့် သင်ခန်းစာတွေက တစ်ပုံတစ်ခေါင်းကြီး ကျန်ဦးမှာပါ။

ကျွန်တော်တို့ရဲ့ ဖြစ်တည်မှုဟာ အဲဒီဆန္ဒလိုအင်တွေ ပြည့်ခြင်း၊ မပြည့်ခြင်းအပေါ်မှာ အဓိက အမှီသဟဲ ပြုနေရပါတယ်။

ကွန်ဂိုဒေသမှာနေတဲ့ လူရိုင်းတစ်ယောက်က ပုတီးစေ့ဆွဲကြိုးကို လိုချင်တယ်။ ကဗျာဆရာတစ်ယောက်က ဝက်စ်မင်စတာ ဘုရားရှိခိုး


mgyoe.com

ကျောင်းကြီးထဲက မော်ကွန်းကျောက်ပြားတစ်ချပ်ကို လိုချင်တယ်။ အပျိုလေးတစ်ယောက်ဆိုရင်လည်း လူပျိုလေးတစ်ယောက်ကို ဘဝအဖော်မွန်အဖြစ် လိုချင်မှာပါပဲ။ ဒါကြောင့်လည်း လူမှန်ရင် လူတိုင်းလူတိုင်း သူ့အတိုင်းအတာနှင့်သူ လိုချင်တပ်မက်မှုတွေ ရှိနေကြတယ်လို့ ပြောခဲ့တာပေါ့။

လက်တွေ့အကျဆုံးကတော့ စီးပွားရေးလုပ်ငန်း အားလုံးဟာ လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးရတဲ့အပေါ်မှာ အခြေခံထားတာပါပဲ။ ကြော်ငြာတွေမှန်သမျှ အများသူငါ လိုလားမှုတွေကို အသစ်ဖန်တီး ညှိယူဖြည့်ဆည်းကြရသလို၊ အဟောင်းတွေကို အသိပေး လမ်းညွှန်ကြရပါတယ်။

သင်္ဘောတွေ၊ မီးရထားတွေ ဆိုတာကလည်း မနားတမ်း အဆက်မပြတ် လှုပ်ရှားသွားလာနေကြတဲ့ လူသားတွေရဲ့ ဆန္ဒအတိုင်း တစ်နေရာမှ တစ်နေရာရောက်အောင် ဝန်ဆောင်မှုပေးဖို့ပဲ။ တီထွင်ဖန်တီးခဲ့ကြရတာ ဖြစ်ပါတယ်။ စက်ရုံတွေ၊ ဈေးဆိုင်တွေ ဖွင့်လှစ်ထားတဲ့ သဘောကလည်း လူသားတစ်ရပ်လုံးရဲ့ လိုအပ်ချက်တွေကို ဖြည့်စွမ်းအကျိုးပြုဖို့ပါပဲ။

**လူ့သဘာဝဆိုတာ တပ်မက်မှု လိုချင်လောဘတွေနှင့် အပြည့်အဝထုံမွမ်းထားတဲ့ အသိတရားပဲ ဆိုပါတော့။**

လူတွေဟာ မွတ်သိပ် ဆာလောင်တယ်။ ငမ်းငမ်းတက် တောင့်တလိုလားတယ်။ သူ မရသေးတာကို တပ်မက်စွာလိုချင်တယ်။ လူတွေရဲ့ ထာဝရမပြတ် ကြွေးကြော်သံကတော့ "ဒါလေးများ ငါ ရလိုက်ချင်စမ်းပါရဲ့"ဆိုတာပဲ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာမှာ လူသားဆိုတာ ကိလေသာညွှန်အိုင်ကြီးထဲမှာ နစ်မွန်းနေကြရတာနှင့်အမျှ လိုချင်လောဘတွေ ကင်းပြတ်ရာ နိဗ္ဗာန်ကိုရောက်အောင် ကျင့်ကြံကြဖို့ သွန်သင်ဆုံးမ တိုက်တွန်းလေ့ ရှိကြပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေကလည်း 'လောဘတဏှာကို ကင်းပြတ်အောင် မဖြတ်နိုင်သရွေ့ ဘဝရဲ့ ငြိမ်းချမ်းရေးသာခြင်းအစစ်ကို ရနိုင်မှာ မဟုတ်' လို့ ဟောကြားကြလေရဲ့။

ဒီဟောကြားချက်တွေ မှန်ကောင်း မှန်ပါလိမ့်မယ်။ ဘယ်သူ သိတာမှတ်လို့။ ဒါပေမယ့် သက်ရှိထင်ရှားရှိနေစဉ်ကာလမှာ ဘယ်ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးတွေမျှ နိဗ္ဗာန်အဆင့်သို့ ရောက်ဖူးကြမှာ မဟုတ်ပါ။*

လူ့အသိစိတ်ဟူသမျှ တပ်မက်မှုနှင့် ယှဉ်တွဲနေတာချည်း ဖြစ်ပါသတဲ့။ လိုအင်တပ်မက်မှုများ လုံးဝ ကင်းစင်ပပျောက်ရန်မှာ အသက်ဝိညာဉ်ကင်းမဲ့သွားမှသာ ဖြစ်နိုင်ပါတယ်တဲ့။

ဟုတ်ပြီ။ ကာလမရွေး ဒေသမခြား အမြဲတမ်းမှန်ကန်နေတဲ့ အချက်တစ်ချက် ရှိပါတယ်။ အဲဒါကတော့ ဘဝရဲ့ လွှန်းထိုးယှက်ငင် လှုပ်ရှားပြောင်းလဲမှုမှန်သမျှကို လိုအင်ဆန္ဒက တွန်းအားပေး မောင်းနှင်နေပါသတဲ့။

* ဒီအတွေးနှင့် အရေးကို ထောက်လို့ မူရင်းစာရေးဆရာဟာ ဗုဒ္ဓဘာသာနှင့် နိဗ္ဗာန်အကြောင်းကို ထဲထဲဝင်ဝင် ခြေခြေမြစ်မြစ် နားမလည်ကြောင်း ထင်ရှားသွားပါတယ်။ ဗုဒ္ဓဝါဒအရ အသက်ထင်ရှား ရှိနေခိုက်ဘဝမှာတင် ရရှိနိုင်တဲ့ သဉပါဒိသေနိဗ္ဗာန် ဆိုတာ ရှိကြောင်း သူ မသိရှာပါဘူး။

တစ်နည်းအားဖြင့် ကိလေသပရိနိဗ္ဗာန်ဆိုတဲ့ လောဘ, ဒေါသ, မောဟနှင့် ဆက်နွယ်တဲ့ ကိလေသာတွေအားလုံး ကင်းပြတ်ချုပ်ငြိမ်းမှု ရနိုင်တဲ့ နိဗ္ဗာန်အဆင့်ကို ဘုရားရဟန္တာတွေ ရောက်သွားတာမျိုးပါ။ ဒီအခါမှာ ရုပ်ခန္ဓာတည်တံ့ရေးအတွက် အာဟာရကို မလွှဲမကင်းသာ မှီဝဲရတဲ့တိုင်အောင် လိုချင်တပ်မက်မှု လုံးဝ မပါရှိတော့ပါဘူး။ လိုရင်းအချုပ်ပြောရရင် မျက်မှောက်ဘဝမှာတင် နိဗ္ဗာန်အဆင့်ကို ရနိုင်,ရောက်နိုင်တယ်လို့ စောဒကတက် ပြောနိုင်တာပါပဲ။ ။ ဘာသာပြန်သူ


mgyoe.com

ဒီအချက်က ငှက်တွေ၊ ငါးတွေ၊ တိရစ္ဆာန်တွေ နေရာပြောင်းရွှေ့ကြတာကို ရှင်းပြနေပါတယ်။ ဒီအချက်က ရောမအင်ပါယာကြီးအကြောင်းနှင့် အမေရိကတိုက်ကို ရှာဖွေတွေ့ရှိပုံနှင့် ကမ္ဘာစစ်ကြီးရဲ့အဖြစ်ကိုလည်း ဖြေရှင်းချက် ထုတ်ပေးနေပါတယ်။

ဒီအချက်ကို အကျွမ်းတဝင် သိမြင်နားလည်သူတွေဟာ တက်တက်ကြွကြွ လှုပ်ရှားလုပ်ဆောင်ရတဲ့ နယ်ပယ်အသီးသီးမှာ ဦးဆောင်ဦးရွက်လုပ်ရတဲ့ ခေါင်းဆောင်တွေ ဖြစ်လာကြတာပါပဲ။

ကူးသန်းရောင်းဝယ်ရေး လောကမှာ အောင်မြင်ထင်ရှားတဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ရင် သူဟာ လူတွေ လိုချင်တာမှန်သမျှကို ဖြည့်ဆည်းပေးသူဖြစ်မှာ မုချ။

စစ်ဘက်၊ စာပေနယ်၊ စာနယ်ဇင်းက ထိပ်သီးတွေဟာလည်း အလားတူ လူ့အကြောင်းကိုသိပြီး သူတို့ရဲ့ လိုဘကိုဖြည့်စွမ်းပေးနိုင်သူတွေလို့သာ မှတ်ပါတော့။

နိုင်ငံရေးခေါင်းဆောင်ဆိုသူတွေဟာလည်း ပြည်သူတွေရဲ့ လိုအင်ဆန္ဒ ပြည့်ဝအောင် စွမ်းဆောင်ပေးသူတွေ သို့မဟုတ် ဆောင်ရွက်ပေးပါ့မယ်လို့ အာမခံချက်နှင့် ကတိကဝတ်ပြုထားသူတွေသာ ဖြစ်ပါလိမ့်မယ်။

ကျွန်တော့်မှာသာ ဘာ့ခ်ကားစ်[၁]လို၊ ဟားရော့စ်ဒ်[၂]တို့လို ကုန်ပဒေသာတိုက်ကြီး ရှိမယ်ဆိုရင်တော့ ဗဟိုဝင်ပေါက် နဖူးစည်းထိပ်မှာ-

'သင်လိုချင်သမျှ ရနိုင်တာ ဒီနေရာ'ဆိုတဲ့ စာတန်းကြီးကို ချိတ်ဆွဲထားမှာပါပဲ။ ဒါဟာ ဈေးရောင်းဌာနတွေနှင့်၊ ဆိုင်ကြီးကနားကြီးတွေအတွက် နမူနာဆောင်ပုဒ် ဖြစ်ပါလိမ့်မယ်။

'ဈေးဝယ်သူ ဆိုတာ ဈေးနှုန်း များတာ၊ နည်းတာထက် သူလိုချင်တဲ့ပစ္စည်းရဖို့ကို အဓိက ဦးစားပေးတယ်'ဆိုတာ အောင်မြင်တဲ့ ကုန်သည်တိုင်း သိကြပါတယ်။

၁-Barkers ၂-Harrods

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့်လည်း အသစ်ပေါ်ထွန်းလာတဲ့ ရောင်းချရေးအတတ်ပညာမှာ 'လူတွေရဲ့လိုအင်ဆန္ဒတွေ အပြင်းအထန် ဖြစ်ပွားလာအောင် ဖန်တီးရေး' ဆိုတာ ပါဝင်လာတာပါပဲ။

လိုချင်ဆန္ဒတွေ ဖြစ်ပေါ်ပြီး၊ ပြင်းထန်အောင်လှုံ့ဆော်ဖို့ ဆိုတာ ကူးသန်းရောင်းဝယ်ရေးအောင်မြင်မှုကို ဦးတည်သွားတဲ့ အချက် ၂ ချက်လို့ ဆိုရမှာပါ။ ဒါကလွဲလို့ တတိယနည်းလမ်း မရှိပါဘူး။

အောင်မြင်မှုဆိုရာမှာ သင် တစ်ကိုယ်ရေစွမ်းဆောင်မှု အပေါ်မှာသာ မူတည်တာ မဟုတ်ဘဲ၊ သင့်ရဲ့ စွမ်းဆောင်ချက်အပေါ်မှာ အများပြည်သူတွေက တုံ့ပြန်မှုနှင့် တိုက်ရိုက် ပတ်သက်နေတာပါ။

ဒီနေရာမှာ 'စွမ်းဆောင်နိုင်မှု' နှင့် 'အောင်မြင်မှု' ကြားမှာ အကြီးအကျယ် ကွာဟ ခြားနားနေတယ်လို့ ဆိုချင်ပါတယ်။

ဒီစာအုပ်မှာတော့ အောင်မြင်မှုရရှိရေးကိုသာ စောင်းပေးပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

ကဗျာဆရာ၊ ပန်းချီဆရာ၊ တီထွင်သူ၊ ရှေ့ဆောင်ဖန်တီးသူတွေထဲက အများစုဟာ အဲဒီခြားနားချက်ကို သိမြင်နားလည်မှု မရှိကြပါဘူး။

သူတို့ဟာ လူတွေရဲ့ လိုအင်ဆန္ဒကို လျစ်လျူရှုပြီး ဥပေက္ခာပြုထားတတ်ကြတယ်။ သူတို့ဘာသာ သူတို့ ကြည်နူးမှု ပီတိရဖို့ ကြိုးပမ်းကြတယ်။ သူတို့က သူတို့အတွေးတွေရဲ့ အသံကိုသာ နားစိုက်ကြတယ်။ သူတို့အဖို့ သူတို့ရဲ့စိတ်ကူးဉာဏ်တွေ ကွန့်မြူးပြီး အကောင်အထည်ဖော်ဖို့သာ တီထွင်ဖန်တီးကြလေရဲ့။

ဒီတော့ ဖြစ်နေကျသဘာဝအတိုင်း သူတို့က လူတွေကို ဂရုမစိုက်သလို၊ လူတွေကလည်း သူတို့ကို အရေးမလုပ်ဘဲ ဘေးချိတ်ပစ်လိုက်ကြတော့တာပေါ့။

လူတွေက သူတို့ရဲ့ ပန်းချီလက်ရာတွေ၊ ကဗျာတွေ၊ စက်ကိရိယာတွေကို မဝယ်ဖို့ ခေါင်းခါ ငြင်းပယ်ခဲ့ကြရာက သူတို့ခများလည်း


mgyoe.com

mgyoe.com SAMPLE BOOK

ဇတ်ပြတ်မွဲတေတဲ့ ဘဝကို ရောက်သွားရတော့တာပဲ။

ဒီအဖြစ်ဟာ တရားမျှတမှု ကင်းတယ်လို့ ထင်စရာပါပဲ။ ဒါပေမယ့် စားဖို့ ကိတ်မုန့်တစ်လုံးကို သိမ်းထားလို့ မရပါဘူး။

လူပရိသတ်တွေ ကျေနပ်လောက်အောင် စွမ်းစွမ်းတမံ လုပ်ဆောင်ပြပါမှ လူတွေကလည်း အဲဒီလူကို ချမ်းသာကြွယ်ဝအောင် ပံ့ပိုးကြပါလိမ့်မယ်။

သင်တစ်ယောက်တည်း တစ်ကိုယ်ကောင်းဆန်ပြီး ကြည်နူးနှစ်သိမ့်ဖို့သာ အရေးထားရင်တော့ အဲဒီပီတိအရသာလေးနှင့်သာ ကျေနပ်ရုံရှိပါတော့မယ်။

အလွန်ဆုံး သင် သေပြီဆိုတော့မှ သင့်ကို လူတွေက ချီးကျူးထောမနာပြီး အမှတ်တရ ဂုဏ်ပြုကောင်း ဂုဏ်ပြုကြရုံလောက် ရှိမှာပါ။

တကယ်လို့ လူတစ်ယောက်ဟာ စီးပွားရေးလောကထဲမှာ ရှိနေမယ်ဆိုရင်တော့ လူအများရဲ့ လိုလားမှုဆန္ဒတွေကို မဖြစ်မနေ စူးစမ်းလေ့လာရမှာပါပဲ။

ဒီလူဟာ လူထဲက လူတစ်ယောက်အနေဖြင့် အများနည်းတူ ခံစားချက်ရှိနေရင် 'တယ်တော်တဲ့ ငါပါလား' လို့ ဘဝင်ခိုက်ပြီး ပီတိဖြာနေစရာ အကြောင်း မရှိတော့ပါဘူး။

လက်တွေ့မဆန်တဲ့ စိတ်ကူးယဉ်အတွေးတွေ၊ ခေတ်ပေါ်အလှအပတွေနောက်လည်း တန်းတန်းစွဲလိုက်ရဲမှာ မဟုတ်တော့ပါဘူး။

သူ ပေးဆပ်စရာအကြွေးတွေ၊ တာဝန်သိမှုတွေက သူ့ကို ဒီလိုတစ်ယောက်ငည်းရှုးနေခွင့် ပေးမှာလည်း မဟုတ်တာ သေချာပါတယ်။

စီးပွားရေးလုပ်ငန်းတွေ အတော်များများ ပျက်စီးသွားရတဲ့အကြောင်းရင်းမှာ ဒါရိုက်တာကြီးတွေက 'ငါသိ၊ ငါတတ်၊ ငါမှတော်၊ သိပ်သိပ်ကို တော်တဲ့ငါ' ဆိုပြီး လက်မထောင် အောက်ခြေလွတ်ခဲ့ကြတာလည်း ပါပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

သူတို့က လူတွေရဲ့ တကယ့်ဆန္ဒတွေနေရာမှာ သူတို့ရဲ့ဆန္ဒတွေကို ငါတကောကောပြီး အစားထိုး ဖလှယ်လိုက်ကြတယ်။ ဒီတွင် လူတွေက သူတို့ကို ဒဏ်ခတ်ကြပါလေရော။

နောက်ဆုံးတော့ လူတွေက သူတို့ကို လူမွဲစာရင်း သွင်းလိုက်ကြတဲ့အထိ စီရင်ချက်ချလိုက်ကြတယ်လေ။ ဒါဟာ အဲဒီဒါရိုက်တာကြီးတွေက ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတဲ့ အပြန်အလှန် အလုပ်အကျွေးပြုမှု (စီးပွားဖက်တွေ) ဆိုတဲ့ ဥပဒေသကို ချိုးဖောက်ခဲ့ကြလို့ပါပဲ။

စီးပွားကုန်သွယ်ရေး, ကူးသန်းရောင်းဝယ်ရေး ကိစ္စအရပ်ရပ်မှာ ၂ ဖက်မျှတဲ့ ဥပဒေသပေါ်မှာ အခြေခံ အားပြုထားရတာ မဟုတ်လား။

ဒီလောကဆို လူတိုင်းမှာ 'လိုအင်ဆန္ဒကိုယ်စီနှင့် လိုချင်တပ်မက်မှုတွေ ရှိကြသည်' ဆိုတဲ့ အမှန်တရားဟာ လက်တွေ့ကျသလောက် အရေးပါအရာရောက်ဆုံးဖြစ်တာ ထင်ထင်လင်းလင်း သိမြင်နိုင်ပါပြီ။

ဒီအမှန်တရားဟာ ကိုယ်ကျင့်တရား အခြေခံ ဖြစ်သလို၊ စီးပွားရေးလုပ်ငန်းရဲ့ အခြေခံလည်း ဖြစ်ပါတယ်။ ဒီအမှန်တရားဟာ စိတ်နေစိတ်ထားနှင့် ဓလေ့စရိုက်ရဲ့ အုတ်မြစ်ဖြစ်သလို၊ အောင်မြင်မှုရဲ့ အုတ်မြစ်ဆိုရင်လည်း မမှားပါဘူး။

တစ်ခုကို ခြွင်းချက်ထားပြီးပြောရရင်တော့ ရာဇဝတ်ကောင်တွေနှင့် အရူးတွေကတော့ သူတို့ရဲ့ လိုအင်ဆန္ဒတွေကို အငမ်းမရ သွေးရူးသွေးတန်း အကောင်အထည်ဖော်ပြီး အရယူလေ့ ရှိကြလေရဲ့။

ကျွန်တော်တို့ သားသမီးတွေရဲ့ ဆန္ဒလိုအင်တွေကို ဖြောင့်မတ်မှန်ကန်အောင် စနစ်တကျ လေ့ကျင့်ပျိုးထောင် မပေးနိုင်သမျှတော့ ဘယ်ပညာရေးစနစ်ကမျှ ထိုက်တန်တဲ့အကျိုးကျေးဇူး ပေးနိုင်မှာ မဟုတ်ပါဘူး၊ ငွေကုန်သံပြာဖြစ်ရုံသာ အဖတ်တင်ပါလိမ့်မယ်။

တရားဥပဒေဘောင်ထဲက လိုအင်ဆန္ဒတွေကိုသာ အမြတ်တနိုးတန်ဖိုးထားသင့်ကြောင်း၊ လူ့ကျင့်ဝတ်စာရိတ္တနှင့် မလျော်ညီတဲ့ လိုအင်


mgyoe.com

ဆန္ဒတွေကို ချုပ်ထိန်းသင့် ရှောင်ကြဉ်သင့်ကြောင်းတွေကို ကလေးတွေကို ပညာပေးထားဖို့ အရေးကြီးပါတယ်။

ဒီအချက်ကို ဆရာ၊ဆရာမတွေက တာဝန်ယူ သင်ကြားပို့ချ မပေးနိုင်ဘူးဆိုရင်တော့ အနာဂတ်တိုင်းပြည်ရဲ့ ကံကြမ္မာလို့ပဲ မျက်စိမှိတ်ထားရုံရှိပါတယ်။

တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုးဟာ သူ့တိုင်းပြည် သူ့လူမျိုးရဲ့ လိုအင်ဆန္ဒတွေကို သန့်စင်မွန်မြတ်အောင် ပြုပြင်ထိန်းကြောင်းရင်းက ပိုပြီး အဆင့်မြင့် ကောင်းမွန်တိုးတက်တဲ့ဘဝကို တစ်ထစ်ချင်း တရွေ့ရွေ့ ကူးပြောင်းကြရစမြဲပါ။

တကယ်လို့ အနာဂတ်မျိုးဆက်သစ်တွေကို ကျွန်တော်တို့ထက် ပိုပြီး စိတ်နှလုံး နူးညံ့သိမ်မွေ့ စွမ်းပကား ထက်မြက်စေချင်တယ်ဆိုရင်တော့ ကျွန်တော်တို့အနေဖြင့် ပုခက်ထဲက ကလေးပေါက်စနလေးတွေကိုတောင် 'သူတို့ငိုပြတိုင်း လိုချင်တာ ရမှာ မဟုတ်ဘူး' ဆိုတာ သိနားလည်အောင် လေ့ကျင့် သင်ကြားပေးရမှာ ဖြစ်ပါတယ်။

ဒီအပြင်လည်း လူငယ်လူရွယ်တိုင်းကို တစ်ဖက်လူ တခြားသူတွေရဲ့လိုအင်ဆန္ဒကို စာနာ သဘောပေါက်တတ်အောင် လေ့လာဆန်းစစ်ဖို့ သင်ကြား လေ့ကျင့်ပေးသင့်ပါတယ်။

ဒါမှလည်း သူတို့ဟာ လုလင်ပျို၊လုံမပျိုတွေအနေဖြင့် ပျော်ရွှင်ဝမ်းသာမှု အစစ်အမှန်ဆိုတာ အသုံးဝင်တဲ့အလုပ်နှင့် လူမှုရေး အကျိုးဆောင်မှုတွေကနေ ရနိုင်ကြောင်း သဘောပေါက် နားလည်လာကြပါလိမ့်မယ်။

လိုချင်တပ်မက်မှုဆိုတာ လူတိုင်းကိုယ်စီ ရှိကြပါတယ်။

ဒါဟာ လူများစုက မသိကျိုးကျွံပြုထားတဲ့ အမှန်တရား စစ်စစ်ကြီး တစ်ခုပါပဲ။



mgyoe.com

mgyoe.com

ကျွန်တော်တို့လူ့သဘာဝရဲ့ ထူးခြားချက် အခြေခံလက္ခဏာများကို လေ့လာပြီဆိုတာနှင့်တစ်ပြိုင်နက် ပထမဦးဆုံး ထိပ်တိုက်ရင်ဆိုင်ရတဲ့ အမှန်တရားကြီးလည်း ဖြစ်ပါတယ်။

မှန်သလား၊ မှားသလား။ ပြန်စဉ်းစားကြည့်ပါ။

လူတိုင်း လိုချင်တပ်မက်ကြပါတယ်။

ဒါဟာ လူရယ်လို့ ဖြစ်လာတာနှင့် ဖြစ်ရှိလာတဲ့ သဘာဝပါပဲ။ လူလူချင်းမှာ ဘာကွာလို့လဲ။

⊠ ⊠ ⊠


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

## ခံစားကြတာ လူ့သဘာဝ

ဟားဘတ်စပင်ဆာ[၁]ဟာ 'ခံစားမှုအတော်နည်းတဲ့လူ' လို့ ပြောစမှတ်တွင်ခဲ့သူပါ။ သူကတောင်

"ဦးနှောက်က တစ်ဝက်တပျက်တော့ ခံစားနိုင်တတ်တာပဲ" လို့ အသက်ကြီးပိုင်းရောက်လို့ အိုမင်းမစွမ်းရှိလာချိန်မှာ ဝန်ခံခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ 'ဦးနှောက်' လို့ ခေါ်တဲ့ ကလာပ်စည်းတွေကို ယုတ္တိဗေဒ, အကြောင်းအကျိုး, ဂဏန်းသင်္ချာတွေကချည်း လွှမ်းမိုးခြယ်လှယ်နေတာ မဟုတ်ပါဘူး။

ကျွန်တော်တို့ဟာ 'အချက်အလက်' တွေကို စင်စစ် သဘာဝအရကို ဦးစားပေး မကြည့်ကြပါဘူး။ သာမန်လူတစ်ယောက်ရဲ့ ဦးနှောက်က မနှစ်သက်မှု, မုန်းတီးမှု, ငြင်းပယ်တဲ့အရာ ရှိမယ်ဆိုရင် အဲ့ဒါဟာ အချက်အလက်ပဲ ဖြစ်နေမှာပါ။

ဆင်ခြင်တုံတရားနည်းပါးတဲ့ စူးစမ်းရှာဖွေသူတစ်ယောက်က အချက်အလက် အသစ်တစ်ခုကို တွေ့ရှိရာက အကြိမ်ပေါင်း ရာထောင်များစွာ အားတက်သရောပျော်ရွှင်ပြီး လူတွေရှေ့မှာ ဖော်ထုတ်ပြသတဲ့အခါ လူတွေက တိုးလားဖဲ့လားနှင့် သူ့ကိုတက်နင်းပြီး ကြည့်ကြတာကြောင့် သူ့တွေ့ရှိချက်လည်း ကြေမွ ပျက်စီးသွားနိုင်ပါတယ်။

၁- Herbert Spencer

mgyoe.com

အကြောင်းတရားဆိုတာ ပေါ်လာတာ မကြာသေးပါဘူး။ သိပ္ပံပညာကတော့ သစ်လွင်နေပါတယ်။ လူ့ယဉ်ကျေးမှု ဆိုတာကလည်း အချိန်ကာလရဲ့ စမ်းသပ်ခံ နေရတုန်းပါ။ ပင်အိုပင်ဆွေးကြီးအပေါ်မှာ ဖြန့်စားကြီးထပွင့်လာတဲ့ အရောင်တလွင့်လွင့်နှင့် တောက်ပတဲ့ အထိမခံ ပန်းနုနုလေးပါပဲ။

ကဲ- ရှေးဟောင်း ရာဇဝင်တွေအကြောင်းပဲ ပြောကြည့်ကြရအောင်။ တကယ့်ကို အစစ်အမှန်ရယ်လို့ မရှိသလောက်ပါပဲ။ ပေထက်အက္ခရာတင်ပြီး ရေးမထားတဲ့ သမိုင်းကို 'ရှေးဟောင်းရာဇဝင်' လို့ ခေါ်ကြတာပဲ ဆိုပါတော့။

ရာဇဝင် စာမတင်ဘဲ လူရယ်လို့ ဖြစ်လာကြတာ နှစ်ပေါင်း သိန်းသန်းမက ရှိခဲ့ပါပြီ။ လူ့သမိုင်းရဲ့ ၁၀ ပုံမှာ ၉ ပုံကျော်ကျော်က သမိုင်းမတင်မီခေတ်မှာ ကျန်ခဲ့တာပဲ မဟုတ်လား။ ဒီအမှန်တရားကို အသိအမှတ်ပြုဖို့ ကျွန်တော်တို့ ဘာကြောင့်ခေါင်းမာမာနှင့် ငြင်းနေရပါသလဲ။

လူ့သမိုင်းဖြစ်စဉ်ရဲ့ သက်တမ်းတစ်ခုလုံးကို မျက်မှောက်ခေတ်အထိ အစ အဆုံးအချိန်ကာလကို ပိုင်းခြားသတ်မှတ်ရင် ၁၂ နာရီလောက်ပဲ ရှိပါလိမ့်ဦးမယ်။

ဒီအထဲက ရှေ့ကနဦးက ၁၁ နာရီခွဲလောက်ဟာ 'သမိုင်းမတင်မီကာလ' ပဲလို့ ပြောရင် မှားပါ့မလား။ ဒါဆိုရင် ဘေဘီလုံနှင့် အက်ဆီးရီးယားခေတ်ဆိုတာ ပေါ်ထွန်းခဲ့တာ လွန်ခဲ့တဲ့ မိနစ် ၂၀ လောက်ပဲ ရှိသေးတယ် ဆိုရမှာပေါ့။ ဒါဆို သိပ္ပံနည်းကျ နည်းလမ်းတွေကို ဘေကွန်[၁] တင်ပြခဲ့တာ ၂ မိနစ်လောက်ပဲ ရှိသေးတယ် ပြောရမှာပါ။

ဝပ်[၂]က ရေနွေးငွေ့သုံးဘွိုင်လာ မီးရထားစက်ခေါင်းတွေကို တီထွင်ခဲ့တာ လွန်ခဲ့တဲ့ စက္ကန့် ၃၀ လောက်ကပဲ ဆိုတော့ ဘာကြာသေးလို့လဲ။

၁- Bacon ၂- Watt

mgyoe.com

နှစ်ပေါင်း ၁ သိန်း ၈ ထောင် ကြာခဲ့ပြီဆိုတဲ့ လူ့သမိုင်းကို ၁၂ နာရီနှင့် ညီမျှတယ်လို့ သတ်မှတ်မယ်ဆိုရင် စက်မှုတော်လှန်ရေး ပေါ်ပေါက်ခဲ့တာ စက္ကန့် ၃၀ သာ ရှိသေးတယ်ဆိုရပါလိမ့်မယ်။

ဒီအချက်ကို သင့်ဦးနှောက်ထဲမှာ တစ်နေရာပေးပြီး ထည့်ထားလိုက်မယ်ဆိုရင် ခံစားမှုရဲ့ အရေးပါပုံကို တန်ဖိုးထားတတ်လာမှာ မုချပါပဲ။

သင်ယူမှု၊ ကြောင်းကျိုးဆက်နွယ်မှုနှင့် သိပ္ပံပညာတွေရဲ့ ပါးလွှာတဲ့ အခွံလေးအောက်က နက်သထက်နက်ရှိုင်းတဲ့နေရာမှာ ကျစ်လျစ်ခိုင်ခံ့တဲ့ 'ခံစားမှု'ဆိုတဲ့ အဆောက်အအုံက အစဉ်သဖြင့် ရှိနေပါတယ်။

တစ်စုံတစ်ရာသော အတိုင်းအတာအထိတော့ ကျွန်တော်တို့ဟာ ဆင်ခြင်တုံတရားတွေ၊ ဂုဏ်သိက္ခာတွေနှင့် ဖုံးဖိထားနိုင်ပေမယ့်၊ ရိုက်ချက်ပြင်းထန်တဲ့အခါမှာ ဇာတိရုပ် ပေါ်သွားရတာပါပဲ။

'အမှန်တရားကို မြတ်နိုးတယ်'ဆိုတာ ဖွေးရာပါသန္ဓေဗီဇ မဟုတ်ပါဘူး။ သံလွင်သီးရဲ့ အရသာလိုပဲ တဖြည်းဖြည်းနှင့် ကြိုက်သွားတတ်တာမျိုးပါ။ ချဉ်စူးပြီး ချိုမြတာကို ကြိုက်တဲ့လူက ခပ်ရှားရှားပါ။

နှစ်ပေါင်း ထောင်ချီလာတဲ့ ခေတ်ပြောင်းပြုပြင်ရေးတွေနောက်ပိုင်းမှာ နိုင်ငံအများစုဟာ ဥပဒေ၊ အမိန့်၊ ကိုယ့်ကိုယ်ကိုယ် တင်းကြပ်စွာထိန်းချုပ်မှုတွေ လုပ်လာခဲ့ကြပါတယ်။ ဒါဟာ ကြီးမားတဲ့ ဖြစ်ရပ်ကြီးဖြစ်သလို ကျွန်တော်တို့အနေဖြင့် မျက်ကွယ်ပြုလို့ မရတာအမှန်ပါ။ တချို့လူတွေနှင့် မြို့ပြကြီးတချို့ဟာ မျက်နှာပန်းလှရုံလေးသာ အပေါ်ယံရွှေမှုန်ကြဲထားကြလေရဲ့။

ကျက်သရေရှိရှိနှင့် လှပတင့်တင်ဆုံး မြို့တော်ကြီးတွေမှာ ဆိုးဝါးလွန်းလှတဲ့ ရက်စက်ကြမ်းကြုတ်မှုတွေလည်း ရှိနေပါတယ်။ ဒါကိုမယုံရင် ကျွန်တော့လိုပဲ စနေညတစ်ညလောက် အီဒင်ဘာ့ဂ်မြို့ကြီးရဲ့ ကောင်းဂိတ်(Cowgate)ကျူးကျော်ရပ်ကွက်ကို သွားကြည့်လိုက်ပါလေ။


mgyoe.com

mgyoe.com  SAMPLE BOOK 

ဒါပေမယ့် ကြမ်းကြုတ်ရက်စက်မှုတွေ တင်းကျမ်းပြည့်နေတဲ့ လူတွေကြားမှာ နူးညံ့သိမ်မွေ့တဲ့နှလုံးသားနှင့် ခံစားမှုတွေ ရှိနေတာကိုလည်း တွေ့ရမှာပါပဲ။ လူကြမ်းလူရမ်းတွေ ကြီးစိုးထားတဲ့အရပ်မှာလည်း ပန်းကို ယုယမြတ်နိုး တန်ဖိုးထား ကြမှာပါပဲ။ ချမ်းသာတဲ့ လူကုံထံတွေ ကြားမှာ ထက် ဆင်းရဲနွမ်းပါးသူတွေကြားမှာ မေတ္တာနှင့် ကရုဏာတရားတွေ လျှံဖိတ်နေတာလည်း အမြဲလို ကြုံဖူးပါတယ်။ ဆင်းရဲသားတွေရဲ့ လက်ဆောင်တွေဟာ သူဌေးတွေရဲ့လက်ဆောင်နှင့် နှိုင်းယှဉ်လို့ မရအောင် သဒ္ဓါရက်ရောမှုတွေ ပို များတတ်တာကလား။

အလုပ်ကြမ်းသမား အများအပြားဟာ သူတို့ရဲ့ မိတ်ဆွေအပေါင်းအဖော်တွေကို သူ့ရှိသမျှ စည်းစိမ်တစ်ဝက်ကို နှမြောတွန့်တိုခြင်း မရှိဘဲ ပေးရဲပါတယ်။

ဒီတော့ သိပ္ပံပညာရပ်တွေက ရာစုနှစ် အနည်းငယ်ပဲ သက်တမ်းရှိခဲ့လင့်ကစား 'ခံစားမှု'ဆိုတာကတော့ လူရယ်လို့ ဖြစ်စကတည်းက ပါလာတာပါ။ 'ခံစားမှု' ဆိုတဲ့အရာဟာ လူသားတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုရဲ့ အဓိက ပစ္စည်းကြီးပါပဲ။

'ခံစားမှု' ဆိုရာမှာ မနာလိုတာ, မုန်းတာ, ဝမ်းနည်းတာ, သရော်တာ, ပျော်ရွှင်ရယ်မောတာ, ရှက်တာ, ဒေါသဖြစ်တာ, ကရုဏာစိတ်, စိတ်ပျက်တာ, မေတ္တာပွားတာ။ အားလုံးထဲမှာ သရဖူဆောင်းတာက ချစ်ခြင်းမေတ္တာ။ ဒါတွေဟာ လူ့သဘာဝရဲ့ အရင်းခံအကျဆုံး စိတ်ပစ္စည်းတွေ ဖြစ်ပါတယ်။

ဒီစိတ်တွေက ငယ်ရွယ်နုနယ်စဉ်မှာ မတည်မငြိမ် လူးလွန့်လှုပ်ရှားနေတတ်သလို၊ ကြီးပြင်းလာတဲ့အခါကျတော့ တစ်ချက်တစ်ချက် ထပြီး ပေါက်ကွဲတတ်ပါသေးတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အမှန်တော့ ဒီဂြိုဟ်ကမ္ဘာကြီးဟာ မီးတုံးမီးခဲကြီးကို မြေလွှာပါးပါးလေးနှင့် ဖုံးအုပ်ထားတာပါ။ အလားတူပဲ 'လူ့သဘာဝ' ဆိုတာလည်း ပူပြင်းတောက်လောင်နေတဲ့ မီးလျှံလို ခံစားမှုထုကြီးကို ဥပဒေ၊ ဓလေ့ထုံးတမ်း စတဲ့ အလွှာပါးလေးနှင့် ဖုံးဖိထားတာပဲပေါ့။

မြင့်မားတဲ့ အဆောက်အအုံကြီးတစ်ခုကို အခိုင်အခံ့ တည်ဆောက်မယ်ဆိုရင် အုတ်မြစ်အနက်ကြီး ချရသလို၊ လူတစ်ယောက်ဟာ သူ့ကိုယ်တိုင်နှင့် လူ့လောက ကောင်းမွန်ရေးအတွက် လူတွေနှင့် သူ့ရင်ထဲမှာ လက်ဦးမဆွကတည်းက ရှိနေတဲ့ ခံစားမှုနှလုံးသားထဲကို နက်ရှိုင်းစွာ ထိုးဖောက်သိဖို့ လိုပါတယ်။

ပြင်းထန်တဲ့ခံစားမှုကို ငြင်းဆန်အာခံလို့ မရပါဘူး။ ခံစားမှုကို ဓာတုဗေဒနည်းနှင့် တုံ့ပြန် တိုက်ခိုက်လို့ မဖြစ်နိုင်ပါဘူး။ ကမ္ဘာ တည်နေသမျှ ဒီမှန်ကန်ချက်ကို သက်သေထပ်ပြစရာ မလိုတော့ပါ။

ဥပဒေက တောင့်တင်း သန်မာပါတယ်။ ဓလေ့ထုံးစံတွေက အဲ့ဒီထက် ပိုပြီးတောင် အားကောင်းပါသေးတယ်။ ဒါပေမယ့် အဲဒီ ၂ ခု စလုံးဟာ အကြောင်းတရား မဟုတ်တဲ့ အကျိုးတရားတွေချည်း ဖြစ်ပါတယ်။ တစ်နည်းပြောရင် ခံစားမှုကပေါက်ဖွားလာတဲ့ ပြဋ္ဌာန်းချက်တွေသာဖြစ်ပြီး ခံစားမှုကို နောက်ခံ အမှီပြုပြီးမှသာ စိတ်ချလက်ချ အသုံးပြုနိုင်ပါလိမ့်မယ်။

အမျိုးသားသီချင်းတွေ၊ ပြက်လုံးတွေ၊ ငိုရှိုက်သံတွေ၊ ဂီတသံတွေ၊ ပန်းပွင့်တွေ၊ နေဝင်ချိန်တွေနှင့်၊ မုန်တိုင်းတွေ။ ဒီအရာတွေက အစိုးရတွေ၊ ဘာသာအယူဝါဒတွေ၊ ဈေးကွက်တွေကို ဖန်တီးနိုင်သလို၊ ဖျက်ဆီး ပစ်နိုင်ကြပါတယ်။

ဒီတော့ ကျွန်တော်တို့အဖို့ 'ခံစားမှု' လို့ခေါ်တဲ့ ကမ္ဘာ့စွမ်းအားကြီးကို ဥပေက္ခာပြုလို့ မရသလို၊ ရှောင်လွှဲ ထွက်ပြေးလို့လည်း မဖြစ်နိုင်ပါဘူး။


mgyoe.com

လူ့ဘဝမှာ တကယ့်အင်အားက ငွေ၊ ကိန်းဂဏန်း၊ ပြန်တမ်းဝင်ရာထူးကြီးတွေပဲလို့ သတ်မှတ်ရုံနှင့် ဘဝရဲ့ အောင်မြင်တိုးတက်မှုကို ရမှာ မဟုတ်ပါဘူး။

စက်ကိရိယာ၊ အလိုအလျောက်စနစ်ဖြင့် တပ်ဖွဲ့ထားတဲ့ လူအင်အား၊ မှတ်ပုံတင်စနစ်တွေကို သုံးတာဟာလည်း လုပ်ငန်းပြီးမြောက်အောင်မြင်မှုရဲ့ ပဓာနအချက်လို့ ရာနှုန်းပြည့် မဆိုသာပါဘူး။

လူသား မဟုတ်တဲ့ စက်ကိရိယာပစ္စည်းတွေချည်း အားကိုးတဲ့ ဘယ်လုပ်ငန်းမဆို အကျိုးအမြတ် ကြီးကြီးမားမားရဖို့ မလွယ်တာ အမှန်ပါ။

ကျွန်တော်ဆိုလိုတဲ့ ပြီးမြောက်အောင်မြင်မှုက အလုပ်ရှင်နှင့် အလုပ်သမား ခင်မင်လေးစားမှုကို ထိန်းသိမ်းစောင့်ရှောက်ထားတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အရောင်းဆိုင်တွေ၊ စက်ရုံတွေထဲက လူ့သဘာဝကို ရှာဖွေဖော်ထုတ်ဖို့ လိုအပ်တဲ့ အဓိပ္ပာယ်ပဲပေါ့။ ဒါနှင့်အမျှ ဝန်ထမ်းတွေကို သင်ကြားလေ့ကျင့်မှု၊ မျက်နှာစုံညီအစည်းအဝေးတွေ၊ အလုပ်သမားအဖွဲ့အစည်းတွေ၊ ကိစ္စရပ်တိုင်းမှာ ဘက်မျှအောင် စဉ်းစားတွေးခေါ်ခြင်းတွေနှင့် သက်ဆိုင်ပါတယ်။

အလုပ်သမားဝန်ထမ်းတွေနှင့် စီမံအုပ်ချုပ်သူဒါရိုက်တာတွေ မျက်နှာချင်းဆိုင် တွေ့ဆုံ ဆွေးနွေးကြရာက ပွင့်လင်းရင်းနှီးမှုတွေ ရသွားပြီး၊ ကုန်ကျစရိတ် သက်သက်သာသာဖြင့် ထုတ်ကုန်တွေ ပိုထုတ်လာ နိုင်တာ အကြိမ်ပေါင်းများစွာ တွေ့ဖူးခဲ့ပါတယ်။

ကောင်းကောင်းမွန်မွန် စနစ်တကျ စီမံအုပ်ချုပ်မှုရှိထားတဲ့ စက်ရုံတစ်ရုံမှာ စက်စွမ်းအားနှင့် လူအင်အားတွေ ကောင်းလှသလို နှလုံးသားအင်အား၊ စိတ်ဓာတ်ခွန်အားတွေလည်း ပြည့်နေပါလိမ့်မယ်။

အလုပ်ခွင်မှာ တကယ်လုပ်နေတာက လူတွေသာ ဖြစ်ပြီး၊ စက်ပစ္စည်းတွေ မဟုတ်တာကို နားလည် သဘောပေါက်ထားဖို့ အရေးကြီးပါ


mgyoe.com

တယ်။ ဒါဆိုရင် ဒီစက်ရုံဟာ လူသားချင်း ငြိမ်းချမ်းရေးနှင့် မေတ္တာစေတနာတွေ တန်ဖိုးထားတဲ့စက်ရုံ လို့ ခေါ်ရမှာပဲပေါ့။

သိကြတဲ့အတိုင်း စစ်တပ် တစ်တပ်အတွက် စစ်ပွဲမှာ အဓိကအသက်ဟာ 'စိတ်ဓာတ်'ပါပဲ။ 'မြင့်မားတဲ့စိတ်ဓာတ်' ဆိုတဲ့ ခံစားချက် (ခံယူချက်)ပဲ မဟုတ်ပါလား။

စက်မှုလုပ်ငန်းမှာလည်း ဒီအတိုင်းပဲပေါ့။

ကုမ္ပဏီတစ်ခုဟာ သူ့ဝန်ထမ်း အလုပ်သမားတွေရဲ့ ရင်ထဲမှာ အောင်စိတ်နှင့် စိတ်အားထက်သန်မှုတွေ တိုးပွားအောင် သွတ်သွင်းပေးဖို့ လိုအပ်ပါတယ်။

လက်လီအရောင်းဆိုင်ဆိုလည်း သူ့ပုံစံနှင့်သူ ရောင်းကြတာပါပဲ။ တစ်ဆိုင်က ဝယ်သူအပေါ် တင်းမာတယ်။ ဆက်ဆံရေး ကျဲတယ်။ အဖက်မတန်သလို မထီလေးစား လုပ်တယ်။ နောက်တစ်ဆိုင်ကတော့ ဖော်ရွေတယ်။ နွေးနွေးထွေးထွေးနှင့် ကူညီတယ်။ ဆက်ဆံရေး ကောင်းတယ်။

ဈေးဝယ်မယ့် ဘယ်အမျိုးသမီးကိုမဆို မေးကြည့်။ ဘယ်ဆိုင်ကို ဝယ်မလဲလို့။ အမျိုးသမီးတိုင်းကတော့ သူတို့မြို့က ဆိုင်တွေအကြောင်း ပတ်ပတ်နပ်နပ်သိကြပြီးသား။

- ရှယ်လ်ဒန်[၁]ပြောခဲ့သလိုပဲ အရောင်းဈေးသည်တွေအဖို့ တခြားမေးခွန်းထုတ်စရာ ကိစ္စတွေထက် 'ဝယ်သူတွေရဲ့ သဘောထား၊ ဆန္ဒ၊ ခံစားမှုတွေကို အကင်းပါးစွာသိပြီး ခံစားနားလည်တတ်ဖို့ အရေးကြီးပါတယ်'။

ကုန်ပစ္စည်းတွေကို အလှဆင်ထားရုံ၊ စကားချိုသာရုံ၊ ဈေးအလျှော့အတင်းမှာ ကျွမ်းကျင်ပါးနပ်ရုံနှင့် ဝယ်သူဘက်ကို လိုက်လျောနားလည်မှု ပေးနိုင်တာ မဟုတ်ပါဘူး။

၁-Sheldon

mgyoe.com

ရှယ်လ်ဒန်ရဲ့ အဆိုအရ 'အရောင်းသမား ဦးစားပေး လုပ်ရမယ့် အလုပ်က ဝယ်သူကျေလောက်တဲ့ ဂရုတစိုက်အရေးပေးမှု' ဖြစ်ပါတယ်။

ဒီနေရာမှာ ယုတ္တိဗေဒနှင့် အင်အားတွေသုံးတာထက် ခံစားချက်ကို သုံးတာက ပိုပြီး ထိရောက်လွယ်ကူတယ် ဆိုရမှာပါ။

ထက်မြက်ကျွမ်းကျင်မှု မရှိတဲ့ ဈေးသည်ဟာ စိတ်ဆိုးနေတဲ့၊ ဒါမှ မဟုတ် ဝယ်ရ,မဝယ်ရ ဒွိဟဖြစ်နေတဲ့ ဈေးဝယ်တစ်ယောက်ကို ချော ချော့မော့မော့ သို့မဟုတ် ရယ်လားမောလားနှင့် ခင်မင်ရင်းနှီးမှု အရယူပြီး ရောင်းချတတ်မှာ မဟုတ်ပါဘူး။

ပညာရေးမှာလည်း ဒီအတိုင်းပဲပေါ့။ ကိုယ့်ကျောင်းကိုကိုယ် ဂုဏ် မယူတတ်တဲ့ ကျောင်းသား၊ သူ့ဆရာ, ဆရာမတွေကို လေးလေးစားစား မချစ်တတ်တဲ့ ကျောင်းသားဟာ ဘယ်လိုလုပ် ပညာ တတ်ပါတော့မလဲ။

ကျောင်းသင်ခန်းစာတွေကို အရေးတယူ ဖတ်မှတ်လေ့ကျက်မှု မရှိ ရင်ကော စာတော်သူတစ်ယောက် ဖြစ်နိုင်ပါ့မလား။ ဆရာတွေကို ရွံ့ ကြောက်နေပြီး၊ ကျောင်းဆိုတာ အားကစားကိစ္စတွေက လွဲရင် ပျင်းရိ ငြီးငွေ့စရာနေရာပဲလို့ ယူဆတဲ့ ကျောင်းသားအဖို့လည်း ပညာတတ် ဖြစ်ဖို့ မလွယ်ပါဘူး။

သေခြင်းတရား မဟုတ်တဲ့ ရှင်သန်ခြင်းတရားကို သင်ကြားရမယ့် အချိန်ဟာ ဘယ်တော့လဲ။

လူ့သဘာဝရဲ့ စေတသိက် သဘောသက်ဝင်တဲ့ 'ခံစားမှု' ဆိုတာ ကို တကယ့်ကို နက်နက်နဲနဲလေ့လာပြီး သုတေသန ပြုသင့်ပါပြီ။

'ခံစားမှု' ဆိုတဲ့ကိစ္စကို အရေးတယူမစဉ်းစားဘဲ လူတွေရဲ့ ပြဿနာ တစ်ခုချင်းကို ဖြေရှင်းနိုင်မယ်လို့ဖြင့် ကျွန်တော်တော့ မထင်ပါ။

အိမ်, စက်ရုံ, တက္ကသိုလ်ကျောင်း, အလုပ်သမားရုံး၊ ဘယ်နေရာ မှာမဆို ခံစားမှုက အဓိက ကြီးစိုးခြယ်လှယ်နေတာပါ။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်ဟာ ဒီအမှန်တရားကို ချီးကျူး ဩဘာပေးနေတာ မဟုတ်သလို၊ ကဲ့ရဲ့ ရှုတ်ချနေတာလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ မေ့လျော့ ပေါ့ဆမိမှာစိုးတဲ့ စိတ်နှင့် အထင်ရှားဆုံး အမှန်တရားအဖြစ် ထောက်ပြမိတာသာ ဖြစ်ပါတယ်။

'ခံစားမှု' ဆိုတာက ကိန်းဂဏန်း, အချက်အလက်တွေထက် အရင်စောပြီး ဖြစ်ထွန်းခဲ့သလို၊ အကြံ,အတွေး,အယူအဆတွေထက်လည်း ရှေးပိုကျပါတယ်။

ဒီ လျှို့ဝှက်ဆန်းပြားပြီး ကြောက်ခမန်းလိလိ အံ့ဩဖွယ်ဖြစ်တဲ့ ခံစားမှုဟာ 'စကြဝဠာရဲ့ စွမ်းအင်'လို့ ခေါ်ရလောက်အောင် တန်ခိုးသတ္တိတွေ ရှိနေပါတယ်။

ဒီအချက်ကို သဘောမပေါက်ဘဲ လူတွေဟာ သူ့ပတ်ဝန်းကျင်၊ သူနှင့်အတူ နေထိုင်သူတွေ, သူကိုယ်တိုင်ရဲ့ အတွင်းစာတ်ခံ ပင်ကိုသဘာဝကို နားလည်နိုင်စွမ်းရှိဖို့ဆိုတာ မလွယ်ပါဘူး။

လူဆိုတာ ခံစားတတ်တဲ့ သတ္တဝါ။

ခံစားမှုမရှိတာက ကျောက်ရုပ်စက်ရုပ်။

လူတိုင်း ခံစားမှု ရှိကြပါတယ်။

သူသူကိုယ်ကိုယ် ခံစားတတ်ကြတာပဲ။ ဘာကြောင့်လဲ။

☒ ☒ ☒


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

.mgyoe.com SAMPLE BOOK

# အခန်း ၃

## စိုးရိမ်ကြောက်လန့်တတ်တာ လူ့သဘာဝ

ဒီ 'စိုးရိမ်ကြောက်လန့်ခြင်း' ဆိုတာ စိတ်ရဲ့ ခံစားချက်ပုံစံတစ်မျိုး ဖြစ်ပြီး အခြေခံ ကျသလောက်၊ လူ့လောကကြီး တစ်ခုလုံးနှင့် သက်ဆိုင်နေလေရဲ့။

ဒီ့အတွက်ကြောင့်လည်း ကြောက်စိတ်အကြောင်းကို အခန်းကဏ္ဍတစ်ရပ်အနေနှင့် ရေးရတာပါ။

'ကြောက်စိတ်' ဆိုတာ စိတ်ကို အလှုပ်ရှားစေဆုံးဖြစ်တဲ့ စွမ်းအား အထက်မြက်ဆုံး စေတသိက်တစ်ခုလို့တောင် ဆိုနိုင်ပါတယ်။

ဒီစိတ်ဟာ လူတွေရဲ့ အပြုအမူတွေအပေါ် အစဉ်အမြဲ စိုးမိုးနေတဲ့ အဓိက အကြောင်းရင်းတစ်ရပ်လည်း ဖြစ်ပါတယ်။

သဘာဝရဲ့ ပထမ နိယာမက မိမိရဲ့အသက် ရှင်သန်တည်တံ့ရေးဖြစ်သလို၊ ကျွန်တော်တို့ဟာ အသက်ရှင် နေချင်ကြသူတွေချည်းပါပဲ။ ဒီလို ရှင်သန်နေထိုင်ခွင့် ရတာကိုလည်း အားရကျေနပ် နေမိတတ်ကြပါတယ်။

တစ်ပြိုင်တည်းမှာလည်း ကျွန်တော်တို့ကို ထိခိုက်ဒဏ်ရာရမှာ၊ ဒါမှမဟုတ် အသက်အန္တရာယ် ကြုံရတော့မယ့်အခါမျိုးတွေမှာ ကြောက်စိတ်ဝင်ပြီး တုန်လှုပ် ချောက်ချားလာကြတာပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

'ကြောက်စိတ်' ဆိုတာ အသိဉာဏ်ကဆင့်ပွားလာတဲ့ စိတ်အခြေအနေဆန်း တစ်မျိုးပါ။ သင်ကြားမှုတွေ၊ အတွေ့အကြုံတွေကြောင့် ဖြစ်ထွန်းလာတာ မဟုတ်ပါဘူး။ ဒီလိုနှင့် ဘာမှန်းမသိဘဲ အသလွတ်တွေးကြောက်ချင် ကြောက်နေတတ်ပါတယ်။

မွေးကင်းစ သိုးငယ်လေးက နွားမကြီးကိုမြင်ရုံနှင့် ကြောက်နေတတ်သလို၊ ငှက်ပေါက်ကလေးဟာလည်း ချာတိတ်ကလေးတစ်ယောက်ကို တွေ့ရုံနှင့် လန့်ဖျပ်ပြီး ပျံပြေးချင် ပြေးပါလိမ့်မယ်။

ရှေးတုန်းကဆိုရင် တောကြီးမျက်မည်းထဲက လူရိုင်းတွေဟာ ဓာတ်စက်ဖွင့်သံ ကြားရုံနှင့် ဆတ်ဆတ်တုန်ပြီး ဘယ်ပြေးပုန်းရမှန်းမသိတဲ့ အထိပါပဲ။

"ဒီကမ္ဘာကြီးဟာ ဘေးအန္တရာယ်ဆိုးတွေနှင့် ပြည့်နှက်နေတယ်။ သတိ ကြပ်ကြပ်ထား။ တစ်ချက်ကလေး မလစ်စေနှင့်။ ဘာမှ စိတ်ချယုံစားလို့ မရဘူးနော်။ကြုံလာတဲ့အန္တရာယ်ကို ပြန်တိုက်ဖို့၊ ဒါမှမဟုတ် ပြေးဖို့သာ အသင့်ပြင်ထား"

ဒီအတွေးမျိုးကို ငယ်ရွယ်နုပျိုတဲ့ ဦးနှောက်ထဲမှာ ပုံသေစွဲလန်းထားတာ သဘာဝပဲပေါ့။ အဲ့ဒါကိုပဲ 'ကြောက်စိတ်' လို့ ခေါ်ကြတာကလား။

ဒါဆို သင်က ပြန်ပြောပါလိမ့်မယ်။

"ဒီစိတ်ဓာတ်က တောထဲက လူရိုင်းတွေအတွက်သာ မှန်ပြီး၊ တကယ်ယဉ်ကျေးတဲ့ လူတွေအတွက် မမှန်နိုင်ပါဘူး။ ဥပမာ ဆိုပါတော့ လန်ဒန်မြို့ကြီးသားတစ်ယောက်ကို ကြောက်စိတ်က လွှမ်းမိုး အနိုင်ယူလို့ ဘယ်ရပါ့မလဲ"

ဒါဟာ ကျွန်တော် အတိအကျပြောချင်တဲ့ အချက်ပါပဲ။


mgyoe.com

SAMPLE BOOK



'ကြောက်စိတ်' ဆိုတာ နေရာတကာမှာ ရှိပြီး ထာဝရ ရပ်တည်နေတာပါ။

ကြောက်စိတ်က အာဖရိကတိုက် ကွန်ဂိုတောနက်ထဲက ရွှံ့အလူးလူး ကျေးတောသားတွေကို ဖမ်းစားတတ်သလို၊ လန်ဒန်မြို့လယ်က လူတွေကိုလည်း သားကောင်တွေအဖြစ်က အလွတ်ပေးမှာ မဟုတ်ပါဘူး။

ကြောက်စိတ်မှာ ပုံစံအမျိုးမျိုး ရှိပါတယ်။ လူရိုင်းတွေက ခြင်္သေ့တွေ၊ ကျားတွေ၊ မြွေတွေနှင့် တခြားရွာက မျိုးမတူတဲ့လူရိုင်းအုပ်စုတွေကို ကြောက်မယ်။ လန်ဒန်မြို့ကြီးသားကတော့ စီးပွားပျက်လို့ ဒေဝါလီခံရမှာ၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ရမှာ၊ ကင်ဆာရောဂါ ခံစားရမှာ၊ လူဆိုးသူခိုးတွေ ရန်ပြုခံရမှာတွေ ကြောက်တယ်။

ပါလီမန်လွှတ်တော်မှာ မဲဆန္ဒပေးပြီး အစိုးရ ရွေးချယ်တင်မြှောက်ကြတာကို အပြစ် မဆိုသာပါဘူး။ အဓိက လက်တွေ့ကျတဲ့ အချက်ကတော့ အစိုးရဆိုးတွေ တက်လာမှာကို ကြောက်လို့ အရဲစွန့် ဆုံးဖြတ်ကြတဲ့ အဓိပ္ပာယ်ပါပဲ။

ဒါနှင့်အမျှ တစ်ဖက်ကလည်း လူများစုရဲ့ ထောက်ခံမဲ မရမှာ ကြောက်ကြရပြန်တယ်။ ဒီမဲစနစ်ဟာ သက်ဦးဆံပိုင်ဘုရင်တွေနှင့် မဆိုင်ပေမယ့်၊ ဒီမိုကရေစီစနစ်သုံး ပါလီမန်တွေနှင့် စည်းဝေးခန်းမတွေအတွက်တော့ အသက်ပေး လိုက်နာရတဲ့ စည်းမျဉ်းဥပဒေပဲ မဟုတ်လား။

ဒီကြောက်ပုံကြောက်နည်းက မြွေကို ကြောက်တာမျိုးထက်စာရင် အများကြီး အဆင့်မြင့်တယ် လို့ ဆိုနိုင်ပါတယ်။ ဘာပဲပြောပြော ကြောက်တာကတော့ ကြောက်တာပဲပေါ့။

လူတိုင်းဟာ သတ္တိကြောင်သူတွေ မဟုတ်ပေမယ့်၊ ကြောက်စိတ်ကိုတော့ ရှောင်ကွင်းလို့ မရပါဘူး။ မကြောက်တတ်ဘူးဆိုတဲ့ လူဟာ



mgyoe.com

mgyoe.com SAMPLE BOOK

လူကြွားပဲ ဖြစ်ပါလိမ့်မယ်။ သူ့အနေဖြင့် တစ်ခုမဟုတ် တစ်ခုကို ကြောက်တတ်တဲ့ ကြောက်စိတ်တော့ ရင်ထဲမှာ ကိန်းအောင်းနေမှာ မုချပါ။

လူတိုင်းမှာ ဆိုင်ရာဆိုင်ရာကြောက်စိတ်တွေ အမျိုးမျိုး ကွဲပြားပြီး ရှိနေတယ်လို့ ဆိုလိုပါတယ်။

ဗြိတိန်ဘုရင်မကြီးရဲ့ ဝိတိုရိယခရော့စ်ဆိုတဲ့ သူရဲကောင်းဘွဲ့ တံဆိပ်ရထားတဲ့ စစ်သည်တစ်ယောက်ဟာ အရှက်ကွဲစရာ အရေးကို ရင်မဆိုင်ဝံ့တာနှင့် သူ့ကိုယ်သူ သတ်သေသွားပါတယ်။

ဒေါသအမျက် ချောင်းချောင်းထွက်နေတဲ့ လူအုပ်ကြီးကို သတ္တိရှိရှိ ထိပ်တိုက်တွေ့ရဲတဲ့ နိုင်ငံရေးသမားတစ်ယောက်ကတော့ သူ့မိန်းမ စိတ်ဆိုးနေရင် ဖိန့်ဖိန့်တုန်နေတာမျိုးလည်း ရှိပါတယ်။

ရန်သူ့လေယာဉ်တွေကို အစင်းပေါင်းများစွာ ပစ်ချခဲ့တဲ့ သတ္တိခဲ လေသူရဲတစ်ဦးခမျာတော့ စီးပွားပျက်လို့ ဘဏ်ကြွေး မဆပ်နိုင်တဲ့အဆုံး သြစတြေးလျကို လက်လွတ်ခွက်ကျွတ် ထွက်ပြေးခဲ့ဖူးပါသတဲ့။ ပြောမယ်ဆိုရင်တော့ တစ်ပုံကြီး။

ကျွန်တော့လိုပဲ လူတချို့ကတော့ အန္တရာယ်စက်ကွင်းထဲကို တိုးဝင်ရတာကို ပျော်ရွှင်မှုတစ်ခုလို ခံစားချင်ကြတယ်။ ကြောက်ရွံ့မှုကို အရသာ ခံကြည့်ကြတယ်။ စွန့်စားရတာကို နှစ်ခြိုက် ပျော်ပိုက်တယ်။ ဒါပေမယ့် အဲ့ဒီ သံမဏိသူရဲကောင်းကြီးတွေဟာ သွားကိုက်တာလေး ကြောင့် အသည်းအသန်အော်ကြပါတယ်။ အကြောတက်ကိုက်ခဲတဲ့ ဝေဒနာ ခံစားရမှာ စိုးကြောက်ကြတယ်လေ။

'ဒီလိုဝေဒနာမျိုး ခံစားရတာထက် သေသွားတာက ပိုသက်သာဦးမယ်' လို့ ကျွန်တော် ထင်တယ်။ ဒီဝေဒနာ မခံစားရဘူး ဆိုရင် ဘယ်အခက်အခဲမျိုးမဆို ကျွန်တော် ရင်ဆိုင်ရဲပါတယ်။ အဲ့ဒီဝေဒနာကို ခံစားရ


mgyoe.com

mgyoe.com

တဲ့ အကျိုးအဖြစ် ကောင်းကင်ဘုံ ရောက်မယ်ဆိုရင်တောင် ကျွန်တော်က တော့ အပြတ်ငြင်းပစ်လိုက်မှာပါပဲ။

အဲ တစ်ဖက်ကလည်း ဒုက္ခဝေဒနာကို သုခဝေဒနာအဖြစ် ကျေကျေ နပ်နပ်ကြီး မကြောက်မလန့် နေ့စဉ် ခံယူနေကြသူတချို့လည်း ရှိကြ ပြန်လေရဲ့။

သူတို့ကတော့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေပဲ ဖြစ်ပါတယ်။ 'မီးခင်' ဆိုတဲ့ ဘွဲ့ကို မချိမဆံ့ဝေဒနာနှင့် အသက်ပါရင်းပြီး ရယူကြတာ ပါ။ ဒီဝေဒနာမျိုးကိုတော့ ယောက်ျားသားတွေ ဘယ်တော့မျှ နားလည် ခံစားပေးနိုင်မှာ မဟုတ်ပါဘူး။ ဒီကြားထဲကပဲ သူတို့ရဲ့ ရင်သွေးငယ်လေး တွေကို မွေးဖွားဖို့, ယုယမြတ်နိုးစွာ ပွေ့ချီနိုင်ဖို့ ကြောက်စရာအန္တရာယ် တွင်းထဲကို ရင်ကော့ပြီး ဝင်သွားတတ်ကြတာမျိုးပါ။

အားကစားနည်း အတော်များများဟာလည်း အန္တရာယ်တွေ မကင်း လှပါဘူး။ သို့ပေမယ့် ဝင်ကစားလိုက်တာနှင့် အားကစားသမားတွေရဲ့ စိုးရိမ်ကြောက်ရွံ့မှုတွေဟာ ပျော်ရွှင်မှုအဖြစ် အသွင် ပြောင်းသွားရပါ တယ်။

ဒီတော့ ကျွန်တော်တို့ရဲ့ ကြောက်စိတ်တွေကို ကျော်လွှား လမ်းလွှဲ နိုင်တဲ့နည်း ရှိနေတယ်ဆိုတဲ့ ထူးဆန်းချက်ကိုလည်း လက်ခံရမှာပါပဲ။

လူ့ဘဝကို 'စွန့်စားခန်းတစ်ခု' လို့ ယူဆမယ်။ 'အားကစားပြိုင်ပွဲ ကြီး' ပဲလို့ သတ်မှတ်မယ်။ 'စွန့်စားရပေမယ့် ပျော်စရာကောင်းတယ်' လို့ နားလည်ခဲ့ကြမယ် ဆိုရင်တော့ ထိတ်လန့် စိုးကြောက်စိတ်တွေကို ကြီးကြီးမားမား ဖယ်ရှားပစ်နိုင်မှာ သေချာပါတယ်။

ရက်စက်မှုတွေရဲ့ နောက်ကွယ်မှာ ကြောက်စိတ်တွေဟာ ကပ်ငြိနေ မြဲပါ။



mgyoe.com

လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ရမ်းရမ်းကားကား ဟိန်းဟောက် ခြိမ်းခြောက် အနိုင်ကျင့်နေပေမယ့်၊ သူ့ကို အကဲစမ်းပြီး သတ္တိပြိုင်လာမှာကိုတော့ တွေးလန့်နေတတ်ပါတယ်။ စင်စစ်တော့ သူ ရက်စက်ကြမ်းကြုတ်မှုတွေပြနေတာဟာ ကြောက်စိတ်ဝင်နေလို့သာ ဖြစ်ပါတယ်။

ဒါဟာ လူတွေရဲ့ ပင်ကိုသဘာဝပဲဖြစ်ပြီး၊ မြေကြီး လက်ခတ်မလွဲတဲ့ မှန်ကန်ချက်တစ်ခုပါပဲ။

မီးလောင်ရင် ငြိမ်းသတ်ဖို့ ရေရှိရတာလည်း ဓမ္မတာပေါ့။

ဒီလိုနှင့် ရက်စက်မှုတွေကို ဆန့်ကျင်ကာကွယ်ဖို့ လူမှုရေးအဖွဲ့အစည်းတွေဟာ အင်္ဂလန်မှာ ပထမဆုံး ပေါ်ပေါက်လာရပါတယ်။ တိရစ္ဆာန်တွေ၊ အကျဉ်းသား ထောင်သားတွေ၊ စိတ်ရောဂါဝေဒနာရှင်တွေ၊ လူမမည် ကလေးသူငယ်တွေ၊ ကျွန်တွေကို ညှဉ်းပန်းနှိပ်စက်တဲ့ရန်က ကာကွယ်ပြီး ကိုယ်ချင်းစာကြင်နာစိတ်နှင့် စောင့်ရှောက်ပေးတဲ့ အဖွဲ့အစည်းတွေမှ နည်းသလားလို့။

ကျွန်တော်တို့အင်္ဂလန်ဟာ ကမ္ဘာပေါ်မှာ လုံခြုံစိတ်ချရဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာရပါတယ်။

လူတွေရဲ့ စိတ်နေသဘာဝထဲက ကြောက်စိတ်တွေ ကွယ်ပျောက်သွားတာနှင့် ကြင်နာညှာတာစိတ်တို့၊ တရားမျှတစိတ်တို့ဟာ အစားထိုးနေရာ ယူလာကြတော့တာပါပဲ။

လူသားထုတစ်ရပ်လုံးရဲ့ ရောမ မျှော်လင့်ချက်ကြီးတစ်ခုကတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကြောက်ရွံ့ထိတ်လန့်မှုတွေ ကင်းဝေးသွားဖို့ပဲ ဖြစ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဒါနှင့်အမျှ လူသတ်ပွဲတွေ၊ စစ်ပွဲတွေ မရှိတော့ဘူးပေါ့။ ဒီ့အပြင် လူလူချင်း ဖိနှိပ်ရက်စက်မှုတွေ မရှိ၊ အကြမ်းဖက်မှုတွေ မရှိ၊ ဆင်းရဲမွဲတေမှု၊ ငတ်မွတ်ခေါင်းပါးမှုတွေ မရှိတော့ဘဲ ယဉ်ကျေးတဲ့ကမ္ဘာကြီးကို တမ်းတနေမိကြတာလည်း အမှန်ပါပဲ။

ဒီမျှော်လင့်ချက်တွေဟာ စိတ်ကူးယဉ် အိပ်မက်အဆင့်မှာပဲ ရှိနေရာက တကယ်တမ်း ဖြစ်ထွန်း အကောင်အထည်ပေါ်လာဖို့တော့ မလွယ်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ထိုက်ထိုက်တန်တန် အစွမ်းကုန် ကြိုးစားရယူရမယ့် စံပြအနေအထားတွေ ဖြစ်ပါတယ်။

သင့်အနေဖြင့် စိတ်ကူးယဉ်ဝါဒီ ဟုတ်တာ၊မဟုတ်တာ အပထားပြီး ကမ္ဘာကြီးနှင့်ချီပြီး မလုပ်နိုင်တဲ့တိုင်အောင် ကိုယ့်တစ်ဦးချင်းအနေဖြင့် ကြောက်စိတ်တွေကို ရင်ဆိုင်၊ နောက် ကျော်ဖြတ်နိုင်အောင် လေ့ကျင့်တာဟာ လက်တွေ့ ပိုကျပါတယ်။

ကိုယ့်ကိုယ်ကိုယ်ပဲ ဆန်းစစ်ကြည့်။

ငါ့ရဲ့လုပ်ငန်းခွင်ထဲမှာ ကြောက်စိတ်က ငါ့ကို ကြိုးကိုင် မောင်းနှင်နေသလား။

ငါ့အထက်က အရာရှိကြီးတွေကို ငါ ကြောက်ရွံ့နေမိသလား။

ငါ့လက်အောက်ငယ်သားတွေကကော ငါ့ကို ရွံ့ကြောက်နေကြသလား။ သူတို့ကို ကြိမ်းလားမောင်းလားနှင့် ခြောက်လှန့်ပြီး အလုပ်ပိုတွင်အောင် ခိုင်းနေမိသလား။

ကြောက်စိတ်ကို ခုတုံးလုပ်ပြီး ကိုယ်ပိုင်အောင်မြင်မှုရအောင် တည်ဆောက်နေသလား။

ကိုယ့်ရဲ့ ဇီဇသဘာဝကို အမှန်ပကတိ မခြွင်းမချန် ဖော်ထုတ်ဝံ့ပြီဆိုတဲ့နောက်တော့ ရှေ့ဆက်ချီတက်ဖို့ပဲ ရှိပါတော့တယ်။

ဒီအခါမှာ ထပ်မေးကြည့်လိုက်ပါဦး။


mgyoe.com

mgyoe.com SAMPLE BOOK

'ငါ့အိမ်မှာ ကြောက်စိတ်ကင်းတဲ့ အိမ်ဂေဟာလေးဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပြီလား။

ငါဟာ 'အိမ်ထောင်ဦးစီး ယောက်ျားဆိုတဲ့' ဂုဏ်ဒြပ်ကို လက်နက်သဖွယ် အသုံးချပြီး၊ ဇနီးမယား၊သားသမီးတွေအပေါ် အနိုင်ကျင့်နေမိသလား။

အိမ်သူအိမ်သားတွေနှင့် ဆက်ဆံရာမှာ ခြိမ်းခြောက်သံတွေ ပါနေရော့သလား။ ငါ့မိသားစုတွေ ငါ့အပေါ် ယုံကြည်အားကိုးမှုအပြည့်နှင့် ချစ်ကြည်လေးစားအောင် လုပ်ရမယ့်အစား အကြောက်တရားကို အင်အားလိုသုံးပြီး အဓမ္မနှိပ်ကွပ် နာခံစေမိသလား။

အိမ်ထောင်တစ်ခု၊ ဒါမှမဟုတ် ဆိုင်တစ်ဆိုင်၊ ဒါမှမဟုတ် စက်ရုံတစ်ရုံမှာ လက်အောက်ခံတပည့်တပန်းတွေကို အပေါ်စီးကနေ ကြောက်ရွံ့ခဲ့ညားအောင် ခြိမ်းခြောက် ဖန်တီးတာတွေဟာ အရိုင်းဆန်လှပါတယ်။ ရက်စက်ကြမ်းကြုတ်ရာ. ရောက်တာနှင့်အမျှ နည်းလမ်းလည်း မကျပါဘူး။

ကိုယ်က မှားနေရင် သတိထား ဆင်ခြင် ပြင်ချိန်တန်နေသလို၊ အကြောက်တရားနှင့် အုပ်ချုပ်မယ့်အစား နူးညံ့သိမ်မွေ့မှု, ကြောင်းကျိုးပြ စည်းရုံးမှုတွေကို အစားထိုး သုံးသင့်ပါတယ်။

ကြောက်စိတ်ဆိုတာ တောတွင်းသားတွေ, ဂူအောင်း ကမ္ဘာဦးလူတွေ, သွေးဆာနေတဲ့ စစ်မြေပြင်တွေနှင့်သာ ဆက်နွှယ်နေတာပါ။ လူ့သဘာဝရဲ့ အမှောင်ထဲကနေ ထွက်ခြောက်တဲ့ တစ္ဆေပါပဲ။

မိခင်တွေ, ကလေးထိန်းတွေအနေဖြင့် ကိုယ့်ကလေးငယ်တွေကို အမှောင်ကြောက်အောင် သင်မပေး သင့်ပါဘူး။ ကိုယ့်ကလေးတွေကို ကြောက်စရာလန့်စရာပုံပြင်တွေ မဖတ်ခိုင်းသလို၊ ပြောလည်း ပြောမပြ


mgyoe.com

ပါနှင့်။ ပြောမယ်ဆိုရင်တော့ လူကြီးလုပ်တဲ့လူက ထိန်းထိန်းသိမ်းသိမ်းနှင့် အလျှော့အတင်းတွေ ချိန်ဆပြီး နေ့ခင်းဘက်အချိန်လိုမှာ ပြောရပါလိမ့်မယ်။ မိခင်တိုင်းဟာ ဥယျာဉ်မှူးကောင်းတစ်ယောက်က ပေါင်းမြက်တွေကို ခုတ်ထွင်ရှင်းလင်းပစ်တဲ့ ပုံစံမျိုးနှင့် ကိုယ့်သားသမီးတွေမှာ ကြောက်စိတ်မဝင်အောင် ဖန်တီး တားဆီးပေးသင့်ပါတယ်။ ကြောက်စိတ်ရှိနေရင်လည်း မကြောက်တတ်ဖို့, ရဲစိတ် သွင်းပေးဖို့ လိုတာပေါ့။

ထို့အတူပဲ လုပ်ငန်းခွင်တွေနှင့် အိမ်တွေမှာလည်း ဟိုလှန့်ဒီခြောက်နှင့် လုပ်ပြီး လိုသလိုကျုံးသွင်းကြတဲ့ ဓလေ့ ရှိနေဆဲပါ။ ဒီလုပ်ရပ်တွေဟာ မှားယွင်းနေပြီး ဩဇာလွှမ်းမိုးရေးကို တကယ်တမ်း မြင့်တင်နိုင်တာ မဟုတ်ပါဘူး။ ဒီ့ထက်ကောင်းတဲ့နည်းလမ်းကို ကျွန်တော်တို့ ရှာဖွေရပါလိမ့်မယ်။

ဒါနှင့်အမျှ ကလေးတိုင်းနှင့် အရွယ်ရောက်တဲ့ လူတိုင်းမှာ 'သတ္တိ' ဆိုတာ ငုပ်လျှိုးစွာရှိပြီးသားပါ။ ဒီသတ္တိကို အားကောင်းအောင် လုပ်ပေးလို့ ရတယ် ဆိုတာကို သိထားဖို့ လိုပါတယ်။

လူတိုင်းကိုယ်စီ ရင်ထဲမှာ ခြသေ့်စိတ်နှင့် ကြွက်စိတ် ပြိုင်တူရှိထားကြသလို၊ ရဲရင့်တဲ့ ခြသေ့်စိတ်ကို ထိန်းထိန်းချုပ်ချုပ် မွေးမြူပေးတာ အကောင်းဆုံးပါပဲ။

ဒါဟာ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်တွေထဲက တစ်ခုဖြစ်ပြီး၊ ခေါင်းဆောင်ကောင်းဖြစ်စေတဲ့ လျှို့ဝှက်ချက်ဆိုရင်လည်း မမှားပါဘူး။ အားငယ်ကြောက်ရွံ့တဲ့ ကြွက်စိတ်ကို နှိမ်နင်းပြီးသားလည်း ဖြစ်သွားမှာပါ။

လူတစ်ယောက်ဟာ သူ့ရဲ့ဘောကြောင်တဲ့စိတ်ကို မွေးထားရင်တော့ သူဟာ သူ့ဘဝရဲ့ အရှင်သခင် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့သလို



mgyoe.com